

## ၁။ အကျဉ်းချုပ်

ယခုအစီရင်ခံစာသည် ၂၀၀၈ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ထိုင်းမြန်မာနယ်စပ်အဖွဲ့၏လုပ်ငန်းများအကြောင်း ဖော်ပြထားပြီး၊၂၀၀၉ ခုနှစ်အတွက် လုပ်ငန်းလည်ပတ်စရိတ် ဘတ်ငွေသန်းပေါင်း ၁၁၃၀ သန်း (အမေရိကန်ဒေါ်လာ ၃၃ သန်း (သို့) ယူရို ၂၆ သန်း)ကို တင်ပြထားသည်။[1] ဘေးနံအကျပ်အတည်းများ ကြုံတွေ့ရသည့် ထိုနှစ်တနှစ်တွင် TBBC က ၎င်း၏ လုပ်ငန်းများကို မည်သို့ အောင်အောင်မြင်မြင်ဖြင့် စီမံနိုင်ခဲ့သော အံ့မခန်းဖွယ်ရာ ဖြစ်ရပ်ကို ယခုအစီရင်ခံစာတွင် ဖော်ပြပေးထားသည့်အပြင် လာမည့် ၂၀၀၉ ခုနှစ်အတွက် ခက်ခဲသော စိန်ခေါ်ချက်များကိုလည်း ရုပ်လုံးဖော် တင်ပြထားသည်။

ဒုက္ခသည် အခြေအနေ။ ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (နအဖ) သည် မြန်မာနိုင်ငံအရှေ့ခြမ်းနယ်စပ်များတွင် စစ်ရေးအရတိုးချဲ့နေခြင်း၊ လူမျိုးရေးအရစိမ့်ဝင်ခြင်း နှင့် သဘာဝသယံဇာတများ တူးဖော်နေခြင်းကြောင့် ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများသည် တရားလက်လွှတ် ချိုးဖောက်ခံ နေရပြီး ထိုင်းနိုင်ငံသို့လည်း ဒုက္ခသည်အသစ်များ တစစဝင်ရောက်လာနေသည်။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ အကုန်တွင် TBBC၏ ရိက္ခာပေးလူဦးရေသည် ၁၃၅၆၂၃ ဦးရှိခဲ့သည်။ သို့သော် ဇွန်လမှစ၍ လူဦးရေ ၃၃၄၇ ဦး ကျဆင်းလာခဲ့သော်လည်း စခန်းများတွင် စာရင်းမဝင်သော လူဦးရေများစွာရှိသည်ဟု သိရှိခဲ့ရပြီး လူပေါင်း ၄၀၀၀၀ ကျော်ခန့်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုသူများသည် ဒုက္ခသည်အဆင့် သတ်မှတ်ပေးခြင်း လုပ်ငန်းစဉ်မရှိသော တက်ခ်ခရိုင်အတွင်း အဓိက ဖြစ်သည်။ ယင်းခရိုင်းအတွင်း TBBC တွင် ရှိသော ရိက္ခာပေးလူဦးရေသည် လက်တွေ့မကျသော ရိက္ခာစားလူဦးရေ အရေအတွက်သာဖြစ်သည်။

တစစတိုးများလာသော မှတ်ပုံမတင်ရသေးသော လူဦးရေနှင့် ခိုင်မာတိကျသော ရိက္ခာပေးလူဦးရေ အတိအကျ သတ်မှတ်ရန် ခက်ခဲမှုများက တာဝန်ခံအဖွဲ့အစည်းများအားလုံး၏ စိတ်ဝင်တစားဆောင်ရွက်မှုကို တောင်းဆိုနေသည်။ ကမ္ဘာ့ကုလသမဂ္ဂမဟာမင်းကြီးရုံး (UNHCR) သည် တော်ဝင်ထိုင်းအစိုးရနှင့် တွဲဖက်ကာ ၂၀၀၉ ခုနှစ်၏ ပထမနှစ်ဝက်အတွင်း စခန်းလေးခုတွင် " တင်ကြိုစစ်ဆေးမှုလုပ်ငန်းစဉ်" တခုအား စမ်းသပ်ဆောင်ရွက်လုပ်ကိုင်မည် ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်က "ခိုလှုံခွင့်ရယူရန် ရှင်းလင်းသော

---

[1] The budget is very sensitive to commodity prices, exchanges rates and feeding figures. A combination of increases or decreases of 20%, 10% and 10% in these variables respectively, would increase/ decrease funding needs by EUR 7.5 million or USD 9.6 million

ကြိုးကြောင်းညီသည့် တင်ပြမှု” မရှိသောသူများကို ဖယ်ထုတ်ပစ်မည် ဖြစ်သည်။ တချိန်တည်းတွင် TBBC သည် စခန်းအတွင်းနေထိုင်နေသော မှတ်ပုံတင်ထားသော လူဦးရေ နှင့် မှတ်ပုံမတင်ရသေးသော လူဦးရေ နှစ်မျိုးစလုံးအား ခွဲခြားသတ်မှတ်ပေးသော လုပ်ငန်းစဉ်တွင် ပါဝင်နေပြီး အချက်အလက်များကို data base တွင် စုစည်းထားမည် ဖြစ်သည်။ ယင်း data base အား ရိက္ခာခွဲတမ်းပိုမိုနီးနီးစပ်စပ်ထိန်းချုပ်နိုင်ရန်အတွက် ၂၀၀၉ ခုနှစ် ရိက္ခာခွဲတမ်းမှတ်တမ်းစနစ်အသစ်တွင် အသုံးပြုလိမ့်မည် ဖြစ်သည်။ သို့သော် တင်ကြိုစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် TBBC ၏ လူစစ်ဆေးခြင်းလုပ်ငန်းမှ ရရှိလာသော ခိုင်မာတိကျသော အချက်အလက်များနှင့်အတူ ယခုနှစ်အတွင်း ရိက္ခာပေးလူဦးရေ ပို၍ များပြားလာနိုင်သကဲ့သို့ အသုံးစရိတ်လည်း တိုးများလာနိုင်သည်။

ပြန်လည်အခြေချခြင်းသည် လတ်တလောကာလတွင် ဒုက္ခသည်များအတွက် တခုတည်းသော ခိုင်မြဲသည့် အဖြေတခုဖြစ်နေသည်။ ၂၀၀၈ ခုနှစ်တွင် ဒုက္ခသည် ၁၇၁၇၂ ဦးတတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာသွားခဲ့သည်။ လက်တွေ့တွင်မူ ယင်းလုပ်ငန်းကြောင့် ဒုက္ခသည်ဦးရေ သိသိသာသာလျော့နည်းသွားခြင်းမရှိခဲ့သောကြောင့် နောက်ထပ် မဟာဗျူဟာအသစ်များ အမြန်ဆုံး ရှာဖွေရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ တင်ကြိုစစ်ဆေးခြင်းလုပ်ငန်းသည် အစစ်အမှန် ခိုလှုံခွင့်ရှာသူသာလျှင် အကူအညီများရရှိနိုင်အတွက် ထိရောက်သော စစ်ဆေးမှုလုပ်ငန်းဖြစ်သဖြင့် အရေးကြီးသကဲ့သို့ ဒုက္ခသည်များသည် အသက်မွေးဝမ်းကြောင်း လုပ်ငန်း အခွင့်အလန်းများမှတဆင့် ကိုယ့်အားကိုယ်ကိုးနိုင်ရေးနည်းလမ်းများ ရှာဖွေရန်အတွက်လည်း အရေးကြီးသည်။ ဒုက္ခသည်များသည် လူသူမနီးစခန်းများအတွင်းသာ နေထိုင်ရခြင်းနှင့် အလှူရှင်များက မပြောင်းလဲသော အခြေအနေတခုကို ထောက်ပံ့ပေးရန် တစစလျော့ပါးလာနေသော ဆန္ဒများကြောင့် အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းအခွင့်အလန်းများမြှင့်တင်ပေးခြင်း လုပ်ငန်းအကျယ်အဝန်းသည် အကန့်အသတ်ဖြစ်နေသည်။ အလှူရှင်များ၊ တော်ဝင်ထိုင်းအစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့သည် ဒီဇင်ဘာလတွင် တော်ဝင်ထိုင်းအစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ကျင်းပခဲ့သည့် နှစ်ပတ်လည် အစည်းအဝေးတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများလေ့လာခဲ့သော ဘုံနှစ်လတ် မဟာဗျူဟာတခု ရေးဆွဲရန် အရေးပေါ်လိုအပ်သည်။

**TBBC၏ အစီအစဉ်။** ။ ယမန်နှစ်တွင် ဥရေပကော်မရှင်အကြံပေးအရာရှိများ အကြံပြုထားသည့်အတိုင်း လုပ်ငန်းစဉ်၏ ထိရောက်မှုပိုမိုအားကောင်းလာစေရေန်အတွက် ဆွတ်ဇာလန်အစိုးရက စေလွှတ်ပေးသော လုပ်ငန်းစီမံခန့်ခွဲခြင်းနှင့် အထောက်အပံ့ပေးခြင်းဆိုင်ရာ ကျွမ်းကျင်သူတဦးသည် TBBC နှင့် တွဲဖက်လုပ်ကိုင်ကာ လူသုံးကုန်များဝယ်ယူခြင်းလုပ်ငန်းမှတဆင့် ရိက္ခာသယ်ယူပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်း နှင့် ဖြန့်ဝေခြင်းလုပ်ငန်းစဉ်တခုလုံးအထိ ရိက္ခာထောက်ပံ့ခြင်းစီမံခန့်ခွဲမှုအဆင့်ဆင့်အားပြန်လည်သုံးသပ်ခြင်းနှင့် အားကောင်းစေရေးအတွက် ဆောင်ရွက်လျှက်ရှိသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုရှင်းလင်းအဆင်ပြေစေရန်အတွက် မဲဆောက်မြို့တွင် ဗဟိုရိက္ခာရုံတခုတည်ဆောက်ရန် အစီအစဉ်ရှိပြီး ပိုမိုထိရောက်စွာ စောင့်ကြည့်ကြပ်မတ်ရန်အတွက် ကွင်းဆင်းဝန်ထမ်းသစ်များ ရှာဖွေနေဆဲဖြစ်သည်။ ယခုအချိန်အထိ ရိက္ခာသယ်ယူပို့ဆောင်ခြင်း ကြီးကြပ်ရန်အတွက်တာဝန်ရှိသူ ဝန်ထမ်းလေးဦးနှင့် အချက်အလက်သွင်းယူရန် ဝန်ထမ်းလေးဦး စုစုပေါင်း ဝန်ထမ်းနေရာအသစ် ရှစ်နေရာ တိုးချဲ့ထားသည်။ TBBC သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများစတင်ဆောင်ရွက်ခြင်း ဖြစ်နိုင်သည့်နေရာတွင် ထောက်ပံ့ပေးခြင်းဖြင့် ရိက္ခာအပေါ်တွင်သာ မှီခိုအားထားမှုလမ်းကြောင်းကို ပြောင်းလဲပစ်ရန် သံဓိဋ္ဌာန်ချထားသည်။ လက်ရှိရှိနေသော အကန့်အသတ်များအတွင်း ဖြစ်နိုင်ချေများရှာဖွေရန် စစ်တမ်းများ ကောက်ယူလျှက်ရှိပြီး စိုက်ပျိုးရေး နှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ထောက်ပံ့ရန်အတွက် ဝန်ထမ်းအသစ်နှစ်နေရာ တိုးချဲ့ပေးထားသည်။

**TBBC၏ ဘဏ္ဍာရေး။** ။ ၂၀၀၈ ခုနှစ် တနှစ်လုံးတွင် လုပ်ငန်းအစီအစဉ်များ၌ သိသိသာသာ ဖြတ်တောက်ခြင်းများမရှိပဲဆောင်ရွက်နိုင်ခဲ့သောကြောင့် အလွန်အောင်မြင်သော နှစ် တနှစ်ဖြစ်ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းက လုပ်ငန်းစီမံချက်၏ လက်တွေ့လုပ်ငန်းတခုလုံးကို အခိုက်အတန့်မျှ ခြိမ်းခြောက်ခဲ့သည်။ သို့သော် အလှူရှင်များ၏ အလွန်အံ့သြဖွယ် တန့်ပြန်ချက်များနှင့် တဖြည်းဖြည်းကျဆင်းလာသော ဆန်းဈေးအပေါ်တွင် ကျေးဇူးပြုရပေမည်။ TBBC သည်

ယခုနှစ်လုပ်ငန်းရာသီအား သင့်တင့်လျောက်ပတ်သော အရံ လုပ်ငန်းလည်ပတ်စရိတ်ဖြင့် ပြီးမြောက်ခဲ့သည်။ သို့သော် ၂၀၀၉ ခုနှစ်တွင် ကမ္ဘာကြီးသည် ပထမဦးဆုံးအကြိမ် ကမ္ဘာ့စီးပွားရေးပျက်ကပ် (The Great Depression) အပြီး အဆိုးဝါးဆုံး ကမ္ဘာ့စီးပွားရေး ပျက်ကပ်တခုကို ရင်ဆိုင်ရနိုင်သည်ဟု ယုံကြည်နေကြကာ စီးပွားရေးအလာအလာများအားလုံး လုံး၀ ချိနဲ့သွားနိုင်သည်။ TBBC ၏ အဓိက အလှူရှင်များသည် ယခုနှစ်အတွက် ဘဏ္ဍာငွေပမာဏကို အတည်မပြုနိုင်ကြသေးသော်လည်း လက်ရှိဖြစ်ပေါ်နေသော မျှော်မှန်းချက်များကို အခြေခံကာ လုပ်ငန်းအသုံးစရိတ် ဘတ်ငွေသန်းပေါင်း ၁၇၀ သည် မျှော်မှန်းရငွေထက်ပို၍ များနေသည်။

ယင်းစိုးရိမ်ဖွယ်ကောင်းသော အခြေအနေ၏ အဓိက အကြောင်းပြချက်မှာ နိုင်ငံခြားငွေအများစုသည် ထိုင်းဘတ်ငွေနှင့် နှိုင်းယှဉ်ပါက တန်ဖိုးဆက်လက်ကျနေခြင်း ဖြစ်သည်။ လုပ်ငန်းလည်ပတ်စရိတ်များကို အသေအချာ ထိန်းချုပ်ထားသည်။ ၂၀၀၉ ခုနှစ်အတွက် လျာထားအသုံးစရိတ်သည် ၂၀၀၈ နှင့် ၂၀၀၇ ခုနှစ်တွင် ကုန်ကျခဲ့သော ထိုင်းဘတ်ငွေ ကုန်ကျစရိတ်နှင့် လုံးဝနီးပါးတူသည်။ ဝန်ထမ်းများ သိသိသာသာ တိုးများလာသည်။ တာဝန်ခံမှုပိုမိုရှိလာစေရေး နှင့် လုပ်ငန်းထိရောက်မှုအတွက် လိုအပ်သော ဝန်ထမ်းများ ပိုမိုခန့်ထားရခြင်း ဖြစ်သည်။ စုစုပေါင်း စီမံခန့်ခွဲရေးစရိတ်သည် လျာထားအသုံးစရိတ်၏ ၈ ဒသမ ၃ ရာခိုင်နှုန်းသာ ဖြစ်ပြီး၊ စုစုပေါင်းလုပ်ငန်းစရိတ်သည် ဒုက္ခသည်တဦးလျှင် တနှစ်စာအတွက် ဘတ်ငွေ ၇,၂၀၀ ခန့် (အမေရိကန်ဒေါ်လာ ၂၁၂ သို့မဟုတ် ယူရို ၁၆၄ ယူရို) ဖြစ်သည်။
ခန့်မှန်းချက်များသည် ရှေ့ကာလတွင် ဖြစ်ပေါ်လာမည့် ငွေလဲနှုန်း နှင့် ဈေးအတက်အကျ၏ သတ်ရောက်မှုအပေါ် အထိမခံနိုင်သော အခြေအနေတွင် ရှိသည်။ သို့သော် မှတ်ပုံမတင်ရသေးသော ဒုက္ခသည်များကို မှန်မမှန်စစ်ဆေးခြင်း၊ ဖယ်ထုတ်ခြင်းများပြီးသည့်နောက်တွင် ခန့်မှန်းချေရိက္ခာစားဦးရေသည် မြင့်တက်လာနိုင်သောကြောင့် လက်ရှိဘဏ္ဍာငွေမျှော်မှန်းချက်သည် အားနည်းလွဲချော်နိုင်သည်။ အရံငွေများမှ အခြေအနေပို၍ဆိုးမသွားစေရန် အသုံးပြုခွင့် ပေးထားသောကြောင့် **TBBC သည် နောက်ထပ် ဘတ်ငွေ သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်း သို့မဟုတ် ယူရို ၂ ဒသမ ၃ သန်း) အနည်းဆုံး အရေးပေါ် ရရှိရန်လိုအပ်နေသည်။**

**အလားအလာများ** ။ ။ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ရွှေဝါရောင်တော်လှန်ရေး နှင့်၂၀၀၈ ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းတိုက်ခိုက်မှုများ ဖြစ်ပွားအပြီးနောက်ပိုင်းတွင် နအဖ၏ ဦးစားပေးလုပ်ငန်းသည် ၎င်း၏ထိန်းချုပ်မှုကို စုဆည်းခြင်း နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ရေးပင်ဖြစ်သည်။ ကံကောင်းထောက်မစွာပင် ယခုနှစ် ဆန်းစပါးရိတ်သိမ်းမှုအခြေအနေသည် မျှော်မှန်းထားသည်ထက် အခြေအနေပိုကောင်းခဲ့သဖြင့် ဆိုးဝါးသော အစားအစာပြတ်တောက်မှု အန္တရာယ်ကို လျော့ပါးစေခဲ့သည်။ သို့သော် ပျက်ဆီးဆုံးရှုံးနေသော သဘာဝသံယံဇာတများ၊ ပျက်ဆီးယိုယွင်းနေသော စားသောက်ကုန်ဈေးနှုန်းများနှင့် အိမ်နီးနားချင်းတိုင်းပြည်များမှ ယင်းအရင်းအမြစ်များအတွက် ဝယ်လိုမှုအား နည်းပါးနေခြင်း စသည့် ဖိအားများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ဖိအားများအောက် ကျရောက်နေဆဲဖြစ်သည်။ စစ်အစိုးရကို ထောက်ခံသော နိုင်ငံရေးပါတီများ တည်ထောင်ရန် ပြင်ဆင်စုဖွဲ့နေခြင်း နှင့် တိုင်းရင်းသားအပစ်အခတ်ရပ်ဆဲရေးအဖွဲ့များသည် လက်နက်ချ၍ ရွေးကောက်ပွဲတွင် ပါဝင်ရန် ဖိအားပေးခြင်းခံနေကြောင့် စသည့် ကောလဟာလများထွက်ပေါ်နေသည်။ နိုင်ငံတကာမိသားစု၏ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် စသည့် တောင်းဆိုချက်များကို စစ်အစိုးရက ရက်စက်ပြင်းထန်လှသော ထောင်ဒဏ်များဖြင့် ဆက်လက်ဖမ်းဆီးနေခြင်းနှင့် ၎င်းတို့ကိုယ်ပိုင် "ဒီမိုကရေစီလမ်းပြမြေပုံ" အတိုင်းချီတက်သွားမည်ကိုသာ ခေါင်းမာမာပြနေခြင်းဖြင့် အဖြေပေးနေသည်။ ထိုသို့သော အခြေအနေများအောက်တွင် လူ့အခွင့်အရေး နှင့် လုံခြုံသောအခြေအနေတခု တိုးတက်လာခြင်းအား မဆိုသလောက်သာ မျှော်မှန်းရနိုင်သည်။ ဒုက္ခသည်အသစ်များ အစုလိုက်အပြုံလိုက်ဆက်လက်ဝင်ရောက်လာနေနိုင်သည့်အပြင် မဝေးတော့သော ကာလတွင် ထိုင်းနိုင်ငံတွင် လက်ရှိရှိနေသော ဒုက္ခသည်များ ပြန်တော်ပြန်ရမည့် အရေးမှာလည်း အလွန်မဖြစ်နိုင်သော အခြေအနေတွင် ရှိနေသေးသည်။

နိုင်ငံရေးမတည်ငြိမ်မှု ကာလရှည်ကြာစွာ ဖြစ်ပေါ်ပြီးနောက် ထိုင်းနိုင်ငံသည် ၂ နှစ်တာ အချိန်အတွင်း ၅ ဦးမြောက် ဝန်ကြီးချုပ်တက်လာပြန်သည်။ နောက်ဆုံးအကြိမ်အပြောင်းအလဲက ဒီမိုကရက်တစ်ဦးဆောင်သော အစိုးရအောက်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုကို အတိုင်းအတာတခုအထိ နောက်ဆုံးတွင် ရရှိလာနိုင်မည်ဟု အကောင်းဖက်မြင်မှု အချို့လည်း ရှိသည်။ ယခုနှစ်သည် မြန်မာဒုက္ခသည်များအရေး TBBC က လုပ်ကိုင်ဆောင်ရွက်ခဲ့သော ၂၅ နှစ်မြောက် နှစ်ဖြစ်သည်။ ၂၅ နှစ်ဆိုသည်မှာ အလွန်ကြာမြင့်သော အချိန်ကာလတခုဖြစ်သည်နှင့်အညီ မျှော်လင့်ချက်အသစ်နှင့် အပြောင်းအလဲအသစ်များ နယ်စပ်တရိုးတွင် ပေါ်ပေါက်လာမည့်အချိန်လည်း ဖြစ်သည်။ လက်ရှိကာလတွင် အစိုးရအသစ်သည် ရိုဟင်ဂျာ လှေစီးခရီးသည်များအရေးဖြင့် အကြီးအကျယ်စိန်ခေါ်ခံနေရသည်။ သို့သော် သက်ဆိုင်ရာ တာဝန်ရှိသူများအကြား တွေ့ဆုံဆွေးနွေးနိုင်မည့် ဖြစ်နိုင်ချေများ ယခုအချိန်တွင် ရှိနေနိုင်သဖြင့် ဒုက္ခသည်များအား ပို၍ဂုဏ်သိက္ခာရှိသော၊ အကျိုးရှိသော ဘဝများအဖြစ် နေထိုင်သွားနိုင်ရေး၊ ကိုယ့်အားကိုယ် ပိုမိုအားကိုး နိုင်လာရေးနှင့် နိုင်ငံတကာအထောက်အပံ့များအပေါ် မှီခိုမှုအားထားမှု လျော့လာရေး တို့ဖြစ်ပေါ်လာနိုင်သည့် မူဝါဒဆိုင်ရာ အပြောင်းအလဲများ ဖြစ်လာနိုင်သည်ဟု ရိုးသားစွာ ယုံကြည်ရပါသည်။

## ၂၀၀၈ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဒုက္ခသည်များ အခြေအနေ

မြန်မာနယ်စပ်အခြေအနေ၏ သမိုင်းနောက်ခံ အကျဉ်းချုပ်အား နောက်ဆက်တွဲ (စ) တွင် ဖေါ်ပြထားသည်။

### ၂ (က) ဒုက္ခသည်ဦးရေ

စခန်းတွင်းလူဦးရေ။ ။ ပထမဦးဆုံးအကြိမ် နယ်စပ်နေလူဦးရေ တရားဝင်မှတ်ပုံတင်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန (MOI) နှင့် ကမ္ဘာ့ကုသလမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) က ၁၉၉၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းရောက်ရှိလာသော လူသစ်များ၏ အဆင့်သတ်မှတ်ခြင်းကို ခရိုင်အုပ်ချုပ်ရေး ဘုတ်အဖွဲ့ (PAB) ဟုခေါ်သော လုပ်ငန်းစဉ်အသစ်တခုဖြင့် ဆုံးဖြတ်ပေးရန် တည်ထောင်ခဲ့သည်။ PAB များသည် သေချာစွာ လုပ်ငန်းလည်ပတ်ခြင်း မရှိခဲ့ပေ။ ၂၀၀၄ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခြင်းမရှိသေးသော လူသစ်ပေါင်းမြောက်များစွာ ရှိလာခဲ့သည့်အပြင် PAB များက ငြင်းပယ်ထားသော လူအများအပြားသည်လည်း စခန်းများအတွင်း ဆက်လက်နေထိုင်နေကြသေးသည်။ ၂၀၀၄ /၂၀၀၅ ခုနှစ်တွင် MOI နှင့် UNHCR သည် လူဦးရေးအားလုံးကို အသစ်တဖန် မှတ်ပုံတင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မှတ်ပုံတင်ထားသော လူဦးရေ ၁၀၁၉၉၂ ဦးကို ပြန်လည် မှတ်ပုံတင်ခြင်း၊ ထိုမှတ်ပုံတင်ချိန်မတိုင်ခင်ရောက်ရှိနေသော အခြားလူဦးရေ ၃၄၀၆၁ အား သတ်မှတ် မှတ်တမ်းတင်ပေးခြင်းကာ စုစုပေါင်း လူဦးရေ ၁၃၆၀၅၃ (စခန်းများအတွင်း စာသင်ကြားရေးရည်ရွယ်ချက်ဖြင့်သာ ရောက်ရှိနေသာ ကျောင်းသားများ မပါဝင်ပေ။) ရှိကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ PAB များက ၂၀၀၅ ခုနှစ် မှတ်ပုံတင်ခြင်းမရှိသေးသောလူများအတွက် စဉ်းစားဆဲဖြစ်နေသောကြောင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ထိုသူများအနက်မှ လူအများစုသည် ယခင်ကတည်းက လက်ခံထားပြီးဖြစ်သောကြောင့် နောက်ထပ်လူပေါင်း ၃၄၀၅၉ ဦး (၂၀၀၅ ခုနှစ်အပြီး ရောက်ရှိလာသော လူသစ်များအပါအဝင်) မှတ်ပုံတင်ခဲ့သည်။

သို့သော် ၂၀၀၅ ခုနှစ်မှစ၍ လူသစ်များ အစုလိုက်အပြုံလိုက်ဖြင့် ပုံမှန်ရောက်လာနေကာ အများစုသည် စာရင်း များထံသို့ တင်ပြရခြင်း မရှိသေးပေ။ ထိုသူများအနက် အများစုသည် မြန်မာနိုင်ငံအတွင်း တိုက်ခိုက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထွက်ပြေးလာသော ခိုလှုံခွင့်အစစ်အမှန်ရှာသူများ ဖြစ်သည်ဟု မှတ်ယူရသည်။ (ဃ ကို ကြည့်ပါ) ***နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ၊ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း အခြေအနေ*** သည် နယ်နမိတ်ထိစပ်ပြည်နယ်များ၏ လုံခြုံရေးအခြေအကို ရှင်းလင်းပြထားသည်။ သို့မဟုတ်

ထိုင်းနိုင်ငံမှသော်လည်းကောင်း မြန်မာနိုင်ငံအတွင်းမှ တိုက်ရိုက်လာ၍သော်လည်းကောင်း တတိယနိုင်ငံများတွင် ပြန်လည်အခြေချနိုင်ခွင့်ရရှိမည့်အရေးကို မျှော်မှန်းကာ စခန်းအတွင်းရှိ *စာရွက်ပိုင်းကိုင်ဆောင်သူများ*[2] နှင့် ၎င်းတို့၏ ဆွေးမျိုးများထံသို့ ရောက်ရှိလာကြသည်။ ရလဒ်အဖြစ် စခန်းများအတွင်း တရားမဝင် မှတ်ပုံမတင်ရသေးသော လူဦးရေ အဆမတန် များပြားလာသည်။ ထိုသူများအနက် အချို့သော သူများသည် လူသားချင်းဆိုင်ရာအကူအညီသတ်မှတ်ချက်များဖြင့် တိတိကျကျ အံဝင်ခွင်ကျမှုရှိသော်လည်း အခြားသူများကိုမူ သံသယရှိဖွယ် ဖြစ်သည်။

စခန်းအတွင်း မှတ်ပုံတင်ခြင်းမရှိသော လူဦးရေသည် ၄၀၀၀၀ အထက်ရှိသည်ဟု ယခုအချိန်တွင် ခန့်မှန်းရသဖြင့် TBBC အတွက် ရိက္ခာပေးလူဦးရေ သတ်မှတ်ရာတွင် အလွန်ခက်ခဲစေသည်။ လူသစ်အများစုသည် တက်ခရိုင်အတွင်းရှိ စခန်း ၃ ခုတွင် ရှိနေကြသည်။ ခိုင်မာသော အချက်အလက်များ မရှိသဖြင့် TBBC သည် ရိက္ခာပေးလူဦးရေကို လျှော့ချလိုက်ရပြီး ရိက္ခာပေးရန်အတွက် လူသစ်များအနက် အလိုအပ်ဆုံးလူသူသာ ဆုံးဖြတ်ပေးရန် စခန်းကော်မတီကိုသာ တာဝန်ပေးအပ်ထားရသည်။ *(ရိက္ခာပေးလူဦးရေအသေးစိတ်အတွက် အခန်း ၃ ၊ ၁ ဆကို ကြည့်ပါ)*

UNHCR သည် MOI နှင့် အချိန်ကာလတခုအတွင်း “ တင်ကြိုစစ်ဆေးမှုလုပ်ငန်းစဉ်” ဟူသော လုပ်ငန်းစဉ်အသစ်တခုတည်ထောင်ရန် တွဲဖက်ဆောင်ရွက်ရှိပြီး ယင်းလုပ်ငန်းစဉ်က “ခိုလှုံခွင့်ရယူရန် ရှင်းလင်းသော ကြိုးကြောင်းညီသည့် တင်ပြမှု” မရှိသောသူများကို ဖယ်ထုတ်ပစ်မည် ဖြစ်သည်။ထို့နောက်ကျန်ရှိသူများကို အဆင့်သတ်မှတ်ပေးရန် PAB ထံသို့ တင်ပြပေးမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်အသစ်သည် ၂၀၀၉ ခုနှစ် မေလတွင် ခရိုင်တခု (ထန်ဟင်း၊ ဘန်ဒုံယန်း၊ နိုဖိုး နှင့် စခန်း ၁) တွင် စခန်းတခုနှုန်းဖြင့် စမ်းသပ်လုပ်ဆောင်မည်ဟု သဘောတူထားပြီးဖြစ်သည်။ အကယ်၍ အောင်မြင်ပါက အခြားကျန်ရှိနေသေးသော စခန်းများတွင် ယင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ကာ လူသစ်များအတွက် ပုံမှန်စစ်ဆေးသွားမည့် လုပ်ငန်းတခုအဖြစ် ထားရှိမည် ဖြစ်သည်။

လုပ်ငန်းအသစ်တခု အကောင်အထည်ဖေါ်ရန် စောင့်ဆိုင်းနေသည့်အချိန်အတွင်း TBBC သည် ပို၍တိကျသော ရိက္ခာစားလူဦးရေစာရင်းရရှိနိုင်ရန်အတွက် စခန်းနေလူဦးရေဆိုင်ရာ ကိုယ်ပိုင်အချက်အလက်များ စုဆောင်းလျှက်ရှိသည်။ အထောက်အပံ့ပေးရန် တောင်းဆိုသူတိုင်းသည် TBB / စခန်းဝန်ထမ်းများရှေ့ ကိုယ်တိုင်လာရောက်ရန် လိုအပ်သည်။ TBBC သည် မှတ်ပုံမတင်ရသေးသူများနှင့် ပတ်သက်၍ ဓါတ်ပုံရိုက်ခြင်းနှင့် အချက်အလက်များစုဆောင်းနေချိန်တွင် မှတ်ပုံတင်ထားပြီးဒုက္ခသည်များonf UN မှတ်ပုံတင်ကဒ်ပြားများကို ပြသရမည်ဖြစ်သည်။ အချက်အလက်ပိုင်းဆိုင်ရာ တိကျမှုရှိစေရန်အတွက် UNHCR တွင် ရှိပြီးသား မှတ်ပုံတင်ထားပြီး ဒုက္ခသည်ဆိုင်ရာ အချက်အလက်များ ဖလှယ်ရန် သဘောတူညီမှုတခုရရှိပြီးဖြစ်သည်။ *(ရိက္ခာပေးလူဦးရေအသေးစိတ်အတွက် အခန်း ၃ ၊ ၁ ဆကို ကြည့်ပါ)*

တဖက်စာမျက်နှာပါ မြေပုံတွင် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ TBBC၏ ရိက္ခာပေးလူဦးရေအား UNHCR နှင့် MOI တို့မှ မှတ်ပုံတင်ပြီးလူဦးရေ ဖြင့် ယှဉ်တွဲ၍ ဖေါ်ပြထားသည်။ TBBC ၏ စုစုပေါင်း ရိက္ခာပေးလူဦးရေသည် ၁၃၅၆၂၃ ဦးဖြစ်ကာ UNHCR၏ လူဦးရေသည် ၁၁၆၉၈၇ ဖြစ်သည်။ TBBC၏ လူဦးရေတွင် တိကျသော အချက်အလက် မရရှိသေးပြီး ၂၀၀၈ ခုနှစ်အတွင်း စခန်းအတွင်း ဝင်ရောက်လာသူများအတွက် ရိက္ခာ TBBC ကပေးထားခြင်းမရှိသော တက်ခ် ခရိုင်မှလွဲ၍ ကျန်ရှိသော မှတ်ပုံတင်ပြီး နှင့် မှတ်ပုံမတင်ရသေးသူများအားလုံး ပါဝင်သည်။ UNHCR၏ လူဦးရေစာရင်းသည် ပုံမှန်အားဖြင့် ၂၀၀၅ ခုနှစ်မှစ၍ အသစ်ဝင်ရောက်လာသူများကို ထည့်သွင်းခြင်းမရှိပေ။ သို့သော် PAB က စဉ်းစားပေးရန်အတွက် တင်ပြထားသည့် လူပေါင်း ၃၂၃၆ ဦးနှင့် ပညာသင်ကြားရေးသက်သက်ဖြင့်သာ စခန်းအတွင်းနေထိုင်နေကြသူ ကျောင်းသားပေါင်း ၂၅၆၇ ဦးပါဝင်သည်။ UNHCR လူဦးရေတွင် မပါဝင်သော္တ နေညါ်နညါ စခန်းနေ ၆၆၆ ဦးသည် TBBC ၏ လူဦးရေတွင် ပါဝင်သည်။

---

[2] Burmese who approached UNHCR outside the camps between 31st December 2003, when they ceased offering refugee status to individual asylum seekers, and late 2005, when the PABs were re-established. Those registered before 31st December were generally referred to as Persons of Concern (POC).

ဇူလိုင်လကုန်တွင် TBBC၏ ရိက္ခာပေးလူဦးရေသည် ၁၃၈၉၇၀ ဦးဖြစ်ခဲ့သည်။ အမိပ္ပါယ်မှာ ထိုကာလအတွင်း လူဦးရေ ၃၃၄၇ ဦးလျော့ကျခဲ့သည့် သဘောဖြစ်သည်။ ဇူလိုင် နှင့် ဒီဇင်ဘာလအတွင်း တတိယနိုင်ငံများသို့ လူဦးရေ ၇၁၇၄ ဦး ထွက်ခွာခဲ့ပြီး ၂၃၈၂ မွေးဖွား၍ ၁၄၄ ဦးသေဆုံးခဲ့သည်။ ထို့ကြောင့် လူသစ် ၁၅၈၉ ဦးရှိလာသည်ဟူသော အမိပ္ပါယ်သတ်ရောက်သည်။ သို့သော် တက်ခ်ခရိုင်အတွင်းရှိ စခန်းများတွင်ရှိနေသော အထက်ဖေါ်ပြပါ မှတ်ပုံမတင်ရသေးသူများ ယင်းလူဦးရေတွင် မပါဝင်ပေ။

**တတိယနိုင်ငံများသို့ အခြေချခြင်း။** ။ ၂၀၀၅ ခုနှစ်အတွင်း တော်ဝင်ထိုင်းအစိုးရသည် တတိယနိုင်ငံများကို နယ်စပ်ဒေသတလျှောက်ရှိ စခန်းအားလုံးမှ မှတ်ပုံတင်ထားသော ဒုက္ခသည်များ အခြေချခွင့်အား ခွင့်ပြုခဲ့ပြီး ၂၀၀၆ ခုနှစ်ကတည်းက ဒုက္ခသည်များသည် အဓိကအားဖြင့် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုစသော နိုင်ငံ ၁၁ နိုင်ငံသို့ ထွက်ခွာသွားနေကြသည်။[၃]

အခြေချခြင်းသည် လက်ရှိကာလတွင် ၂၀၀၄–၅ ခုနှစ် ပြန်လည်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွင်း တရားဝင်မှတ်ပုံတင်ထားသော ဒုက္ခသည်အားလုံးနှင့် နောက်ပိုင်း ပီအေဘီမှ အတည်ပြုထားသူများအတွက် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အခြေချရန်အတွက် ထိုင်းနိုင်ငံမှ ထွက်ခွာသွားသော မြန်မာဒုက္ခသည်ပေါင်း ၄၇၈၉ ဦး ရှိပြီး၊ ၂၀၀၇ ခုနှစ်တွင် ၁၄၆၃၆ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၁၇၁၇၂ ဦးရှိခဲ့သည်။ ယခုအအချိန်အထိ ထွက်ခွာသွားသူဦးရေသည် ၃၆၅၇၉ ဦးဖြစ်သည်။[၄]

၇၃ ရာခိုင်နှုန်းသည် အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာသွားကြသည်။ အမေရိကန်နိုင်သို့ ဒုက္ခသည်များထွက်ခွာခြင်း ပမာဏသည် များပြားလာရခြင်းမှာ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ခွင့်အခွင့်အလန်းကို စခန်းတခုချင်းစီအလိုက် ဖွင့်ပေးနေခြင်းကြောင့် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ထန်ဟင်းဒုက္ခသည်စခန်း၊ ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်တွင် မယ်လဒုက္ခသည်စခန်း နှင့် ၂၀၀၇ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း အုန်းဖျံမိုင် နှင့် နိုဖိုးစခန်းများတွင် ဖွင့်ပေးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ပြန်လည်အခြေချခြင်းအခွင့်အရေးအား ကရင်နီစခန်းအမှတ် ၁ တွင် နေထိုင်သူများအတွက် ဖွင့်ပေးထားဆဲဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် မဲဟောင်ဆောင်ခရိုင်အတွင်း ကျန်ရှိနေသေးသော မယ်ရာမူစခန်းနှင့် မယ်လအွန်းစခန်းများအတွက် ပြန်လည်အခြေချခွင့်များ ချပေးလိမ့်မည်ဖြစ်သည်။ ၂၀၀၈ခုနှစ်အတွင်း ဒုက္ခသည် ထွက်ခွာမှုကို ဇယားကွက် ၂ – ၁ တွင် ဖေါ်ပြထားသည်။

**ဇယားကွက် ၂ ၊ ၁ ၂၀၀၈ ခုနှစ် ဒုက္ခသည်များထွက်ခွာမှုဇယား**

| တည်နေရာ | ဩစတေးလျ | ကနေဒါ | ဒိန်းမတ် | ဖင်လန် | နယ်သာလန် | နော်ဝေ | နယူးဇီလန် | ဆွီဒင် | အင်္ဂလန် | အမေရိကန် | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ယခင်မြို့တွင်းနေထိုင်သူများ | ၄၅ | | ၁ | ၂ | ၉ | ၃၃ | | ၃ | | ၈၅ | ၁ | ၁၇၉ |
| စခန်း ၁ | | ၁ | | ၇ | | ၁ | ၇ | ၇ | | ၄ | | ၂၇ |
| စခန်း ၂ | ၅၁ | ၄ | | | | | | | | | | ၆၃ |
| မယ်လအွန်း | ၄၄ | ၂၃၈ | | | | | | | | | | ၂၈၂ |
| မယ်လမလောင် | ၁၂ | ၃၆၉ | | | | | | | | | ၃၈၁ | ၃၉၀ |
| မယ်လ | ၈၀၆ | ၁၁ | | ၁ | | ၈ | ၉ | ၁ | ၁၀ | ၅၅၆၆ | | ၆၄၁၂ |
| အုန်းဖျံမိုင် | ၁၅၇ | ၁၁ | | | | ၄ | | | ၁၆ | ၅၆၂၈ | | ၅၈၁၆ |
| နို့ဖိုး | ၂၂၂ | ၃ | | | | ၂ | | | ၃ | ၂၅၃၆ | | ၂၇၆၆ |
| ဘန်ဒွန်းယိုင် | ၁၂၃ | | | ၅ | ၁ | | ၈ | ၂ | | ၁၃ | | ၁၅၂ |

[3] Japan has announced plans to start a small programme with an initial 30 persons to be resettled in 2010

[4] Resettlement figures quoted in this report are from International Organization for Migration (IOM). These figures include small numbers of family reunion and national migration cases that are not registered by UNHCR. These numbers are therefore slightly higher than published UNHCR resettlement data but represent actual total departures from the camps.

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ထမ်ဟင်း | ၉၄ | | | ၂၆၈ | ၁၃၄ | ၂၂ | | ၁၂၈ | | ၄၄၈ | | ၁၀၉၄ |
| စုစုပေါင်း | ၁၅၆၂ | ၆၃၇ | ၁ | ၂၈၃ | ၁၄၄ | ၇၀ | ၂၄ | ၁၄၁ | ၂၉ | ၁၄၂၈၀ | ၁ | ၁၇၁၇၂ |

သတင်းအရင်းအမြစ်။ UNHCR

၂၀၀၉ ခုနှစ်တွင် ပြန်လည်အခြေချခြင်းအရေအတွက်သည် ၁၇၀၀၀ ခန့်ရှိမည်ဟု လတ်တလောအရ ခန့်မှန်းထားရပြီး အများစုမှာ ကရင်နီစခန်း ၁ မှ အများစု ဖြစ်နိုင်သည်။ ၂၀၀၈ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ စုစုပေါင်း ဒုက္ခသည် ၈၂၂၄၃ ဦးသည် ပြန်လည်အခြေချရန်အတွက် စိတ်ဝင်စားကြောင်းကို ဖေါ်ပြခဲ့ကြပြီး၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ UNHCR သည် အခြေချခွင့်ပြုသည့် နိုင်ငံများသို့ တင်ပြထားပြီးဖြစ်သည်။

**သတ်ရောက်မှုများ။** ။ မြန်မာဒုက္ခသည်များအတွက် လက်ရှိကာလတွင် တခုတည်းသော အဖြေအဖြစ် အခြေချမှုကို ကြိုဆိုသော်လည်း ပညာအတတ်ဆုံးနှင့် ကျွမ်းကျင်လုပ်သားဒုက္ခသည်များ ထွက်ခွာသည့် အရေအတွက် မညီမျှမှုကြောင့် စခန်းတွင်း စီမံခန့်ခွဲမှုဆိုင်ရာနှင့် လူသားချင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုသည် စိုးရိမ်ဖွယ်ရာ ဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ထိုင်းနိုင်ငံတွင်း အခြေမဲ့သူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ ကော်မတီ (CCSDPT)[5] နှင့် UNHCR[6] တို့က ကျောင်းဆရာများ၊ ကျန်းမာရေးလုပ်သားများနှင့် စခန်းစီမံခန့်ခွဲရေးဝန်ထမ်းများအပြားသည် အခြေချနေထိုင်ရန်အတွက် ထွက်ခွာလိမ့်မည်ဟု မျှော်လင့်ရကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ယင်းတို့ကပင် ထိုင်းမြန်မာနယ်စပ်တွင် ထူးခြားသော လူထုအခြေပြုဝန်ဆောင်မှုလုပ်ငန်း၏ အောင်မြင်မှုအပေါ် တတိယနိုင်ငံအတွင်းအခြေချ နေထိုင်ရေး၏ သက်ရောက်မှုကို လုံးဝ အကာအကွယ်မပေးနိုင် ဖြစ်နေသည်။ ၂၀၀၈ခုနှစ်တွင် ပြုလုပ်ခဲ့သော နောက်ဆက်တွဲ လေ့လာမှုတခုက ကျန်းမာရေး၊ ပညာရေး နှင့် စခန်းအုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍများတွင် ၂၀၀၇ / ၂၀၀၈ ခုနှစ်များအတွင်း အကျွမ်းကျင်ဆုံး လုပ်သား ၅၀ ရာခိုင်နှုန်းကျော် ဆုံးရှုံးနိုင်မည်ဟု ညွှန်ပြနေသည်။

ကျွမ်းကျင်လုပ်သားများပြန်လည်အစားထိုးနိုင်ရေးအတွက် အလွယ်ကူဆုံး အဖြေများပင်တွင် အခက်အခဲများ ရှိနေသည်။ ဆိုလိုသည်မှာ လက်ရှိရှိနေသော အလုပ်ဖြစ်နိုင်သော ပညာအရည်အချင်းရှိသော သူများကို ကျောင်းဆရာများ သို့မဟုတ် ကျန်းမာရေးလုပ်သားများအဖြစ် သင်ကြားလေ့ကျင့်ပေးရန်မှာလည်း အကန့်အသတ်ဖြစ်နေသည်။ တချိန်ချိန်တွင် အစုလိုက်အပြုံလိုက်ထွက်ခွာမှုတွင် ပါဝင်သွားနိုင်သည်။ ဒုက္ခသည်များနေရာတွင် ထိုင်းနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို အစားထိုး အလုပ်ခန့်အပ်ခြင်းသည်ကလည်း အလွန်ပင်စျေးကြီးသော လုပ်ငန်းဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (အန်ဂျီအိုများ) အားလုံးက ပိုမိုကောင်းမွန်သော သင်တန်းအစီအစဉ်များဖြင့် ပြန်လည်ဖြည့်စွက်ဆောင်ရွက် နေကြသည်။ သို့သော် အချို့ ဝန်ဆောင်မှုများကို လျှော့ချထားပြီးဖြစ်ကာ ဝန်ဆောင်မှုအဆင့်များသည်လည်း လျော့ပါးလာနေသည်ဟူသော ညွှန်ပြချက်များရှိနေသည်။

အဓိကကျသော ရင်ဆိုင်ဖြေရှင်းခြင်းမဟာဗျူဟာတစ်ခုက မြန်မာပြည်မှ ရောက်ရှိလာသော မှတ်ပုံမတင်ရသေးသည့် အလုပ်သမားများ အသုံးပြုခြင်း ဖြစ်ပြီး၊ လက်ရှိတွင် ၎င်းတို့သည် အန်ဂျီအိုအလုပ်သမားအားလုံး၏ ၂၀ ရာခိုင်နှုန်းကျော်ထိ ရှိလာသည်။ ထိုသူများကို ထွက်ခွာသွားသူများ၏ လုပ်ငန်းများတွင် အစားထိုးနိုင်သော်လည်း ၎င်းတို့သည် တိုင်းရင်းသားအုပ်စုမတူသူများပါသောကြောင့် ဘာသာစကားအခက်အခဲနှင့် အခြားပြဿနာများနှင့် မကြာခဏ ဖြစ်ပေါ်စေသည်။ ထိုင်းအာဏာပိုင်များက ၎င်းတို့၏ အပြုအမူများအပေါ် တရားဝင် ခွင့်ပြုထားခြင်း မရှိပေ။

---

[5] Planning for the Future: The Impact of Resettlement on the Remaining Camp Population. Susan Banki & Hazel Lang. July 2007.

[6] Impact of Resettlement on the Health Sector in the Thai/ Myanmar border Camps. Herve Isambert. September 2007.

စိုးရိမ်ဖွယ်တခုအဖြစ်ကျန်ရှိနေသေးသော အရာတခုမှာ စခန်းအတွင်းကျန်ရှိနေမည့် ဒုက္ခသည်များ၏ အနာဂါတ်အတွက် နှစ်လတ်မဟာဗျူဟာတခုလုပ်ဆောင်ပေးရန် ဖြစ်သည်။ လတ်ငင်းကာလတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လက်ငင်းလိုအပ်ချက်များ ဖြည့်စည်းပေးရန်အတွက် ငွေကြေးပိုမိုလိုအပ်ပြီး၊ ရေရှည်ကာလတွင်မူ ထိုင်းကျန်းမာရေး နှင့် ပညာရေးစနစ်များအတွင်း ဒုက္ခသည်အထောက်အပံ့များကို ပို၍ဆက်နွယ်ပါဝင်မှုရှိစေရန် အကောင်အထည်ဖေါ်ရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။ နယ်စပ်ဒေသများအတွင်း နိုင်ငံတော် ကျန်းမာရေး နှင့် ပညာရေးစနစ်များသည် နွမ်းပါးသောကြောင့် ယင်းလုပ်ငန်းအတွက် ငွေကြေး လိုအပ်ကောင်း လိုအပ်နိုင်သည်။

**လိမ်လည်မှုများ။** ။ ပြန်လည်အခြေချခြင်းလုပ်ငန်းများတွင် လိမ်လည်မှုများ ရှင်းလင်းရန် UNHCR က ပညာပေးလှုပ်ရှားမှုတခု စတင်ခဲ့သည်။ UNHCR ၏တရားဝင်ရပ်တည်ချက်သည် “လုံးဝလက်မခံနိုင်” ဟူ၍ ဖြစ်သည်။ တင်ပြလာသော ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် ပါဝင်သူများကို ကြီးလေးသော ပြစ်ဒဏ်ပေးရန်အတွက် လုပ်ငန်းလမ်းညွှန်အသစ်များ ချမှတ်ထားပြီးဖြစ်သည်။ ယင်းပညာရေးလှုပ်ရှားမှုသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အလုပ်ရုံးဆွေးနွေးပွဲ နှစ်ခုဖြင့် စတင်ခဲ့သည်။ ယခုနှစ်အတွင်း စခန်းများအတွင်း ထိုင်းအစိုးရတာဝန်ရှိသူများပါဝင်သော အလုပ်ရုံးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်သည်။ UNHCR၏ မူဝါဒကို ဒုက္ခသည်များ၏ ဘာသာစကားဖြင့် ရှင်းလင်းပြထားသော ကြေငြာစာရွက်များ ထုတ်လုပ်ထားပြီးဖြစ်ကာ စခန်းများအတွင်း ဖြန့်ဝေနေဆဲဖြစ်သည်။

လိမ်လည်မှုများသည် ပုံစံမျိုးစုံဖြင့် ဖြစ်နေနေသော်လည်း အများဆုံးဖြစ်ပေါ်နေသည့် လိမ်လည်မှုမှာ စခန်းအတွင်း မနေထိုင်လိုတော့သေ သို့မဟုတ် ပြန်လည်အခြေချရန်အတွက် လုံးဝ စိတ်ဝင်စားမှုမရှိသော မှတ်ပုံတင်ပြီး ဒုက္ခသည်၏ မှတ်ပုံတင်ကဒ်ကို ဝယ်ယူခြင်းဖြစ်သည်။ ထိုချိုးဖောက်မှုသည် မည်မျှ ကြီးမားနေသည်ကိုတော့ မသိရသေးသော်လည်း “ကြီးမား” နေသည်ဟု ယုံကြည်ရသည်။ အနည်းစုသော လူဦးရေသည် ယင်းကဲ့သို့ လိမ်လည်၍ ထွက်ခွာသွားနိုင်သည့်တိုင် လူအများကို ထိုသို့ကြိုးစားကြည့်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်နိုင်သောကြောင့် စခန်းများအတွင်း မှတ်ပုံတင်မဲ့လူဦးရေပို၍ များပြားလာစေနိုင်သည်။ ယင်းပြဿနာကို ချက်ချင်းဖြေရှင်းရန်လိုအပ်နေပြီး ပါဝင်သက်ဆိုင်သူအားလုံး၏ “လုံးဝလက်မခံနိုင်ဟူသောမူဝါဒ”ကို လက်ခံမှုနှင့်အတူ မျက်ခြေမပြတ်စောင့်ကြည့်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ လိုအပ်သည်။ လတ်မှတ်လဲလှည်ခြင်းများကို ကာကွယ်ရန်နှင့် အပြန်အလှန်စွတ်စွဲခြင်းရှိပဲ ချိုးဖောက်မှုများကို တာဝန်ရှိသူထံ အသိပေးသော ပတ်ဝန်းကျင်တခုတည်ဆောက်ရန်အတွက် အားထုတ်မှုများ လုပ်ဆောင်ရန်လိုအပ်သည်။ တာဝန်ရှိသူများက အသေအချာအပြစ်ပေးအရေးယူမှုများပြုလုပ်သည်ဟူသော ခြိမ်းခြောက်မှုလုပ်ရန်အတွက် လိမ်လည်မှုကျူးလွန်သူများကို အောင်မြင်စွာ အရေးယူမှုများအား လူသိရှင်ကြား ထုတ်ဖေါ်ပြသရန် လိုအပ်သည်။ ယင်းပြဿနာသည် ၂၀၀၉ ခုနှစ်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတခုဖြစ်သည်။

**သတင်းအချက်အလက်ဖြန့်ဝေခြင်း လှုပ်ရှားမှု၊ ယဉ်ကျေးမှုမိတ်ဆက်**

ပြောင်းရွှေ့အခြေချနေထိုင်ရန် နှင့် တတိယနိုင်ငံများတွင် ဘဝသစ်တစ်ခုတည်ထောင်ရန်ထွက်ခွာသွားသူများအဖို့ စိန်ခေါ်ချက်များစွာရှိနေသည်။ ကနဦးပိုင်းဆွင် ဒုက္ခသည်များမျှော်မှန်းကောင်း မျှော်မှန်းထားသည့် အခြေအနေအပေါ် အလွန်အကျွံ ကောလဟာလများ ထွက်လာခဲ့သည်။ ထိုကဲ့သို့ ရွှေ့ပြောင်းအခြေချခြင်းအပေါ် နှစ်သက်သော သို့မဟုတ် မနှစ်သက်သော မသမာသူအုပ်စုများ သဘောမကျသူ အုပ်စုများ၏ လှုမ်းမိုးခြင်းကိုလည်း တခါတရံကြုံရတက်သည်။။ သို့သော် ယခုအချိန်တွင် ဒုက္ခသည်ပေါင်း ၃၆၀၀၀ ကျော် အခြေချနေထိုင်ပြီးဖြစ်သောကြောင့် စခန်းတွင်းနေထိုင်သူများအနေဖြင့် အခြေချနေထိုင်ရေးနှင့်ပတ်သက်သော အဖြစ်အပျက်အမှန်များကို လေ့လာရန် ပို၍ လွယ်ကူလာသည်။ ခေတ်သစ်ကာလဆက်သွယ်ရေးဆိုသည်က အခြေချနေထိုင်ပြီးသော ဒုက္ခသည်များသည်နှင့် ထိုင်းနိုင်ငံအတွင်း ဝေးလံခေါင်သီသော

ဒုက္ခသည်စခန်းများအတွင်းရှိ ၎င်းတို့ မိသားစုဝင်များ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် မကြာခဏ စကားပြောနိုင်လာခြင်း ဖြစ်သည်။

ယေဘူယျအားဖြင့် တတိယနိုင်ငံများတွင် အခြေချခြင်းနှင့်ပတ်သက်၍ ပြန်လည်ပြောဆိုချက်များသည် အပေါင်းလက္ခဏာဆန်သည်။ စခန်းတွင်းကန့်သတ်ချုပ်ချယ်မှုများမှ ကင်းလွတ်ခြင်း၊ ဘဝလုံခြုံသည်ဟု ခံစားရခြင်း၊ ၎င်းတို့ကလေးများအတွက် အနာဂတ်မျှော်မှန်းချက်ရှိခြင်း၊ အသက်ရှင်နေထိုင်ရန် အတွက် ကြိုးစားရုန်းကန်ရခြင်းနှင့် ယဉ်ကျေးမှုအသစ်တခုနှင့် တွေ့ကြုံကြခြင်းစသဖြင့် ဖြစ်သည်။ အိမ်ရှင်တိုင်းပြည် များရှိ အခြားဒုက္ခသည်အုပ်စုများနှင့် နှိုင်းယှဉ်ပါက မြန်မာပြည်သား (အဓိကအားဖြင့် ကရင်လူမျိုး)များသည် အလုပ်ကောင်းကောင်းလုပ်နိုင်ကြသည်။ အလုပ်ကြိုးစားသူများ နှင့် အပြန်အလှန်ကူညီရိုင်းပင်းတက်သော ခိုင်မာသော လူမှုအထောက်အပံ့စနစ်ရှိသူများဟု မြင်တွေ့ကြသည်။

သို့သော် ပြန်လည်အခြေချနေထိုင်ခြင်း၏ ကနဦးအဆင့်များတွင် လူတော်တော်များများအဖို့ အလွန်အခက်ခဲ တွေ့ရသည်။ ၂၀၀၈ ခုနှစ် ဧပြီလတွင် TBBC ၏ အလုပ်အမှုဆောင်ဒါရိုက်တာသည် အမေရိကန်နိုင်ငံရှိ အခြေချနေထိုင်ပြီး ကရင်အသိုင်းအဝန်းများအကြား သွားရောက်လည်ပတ်ခဲ့သည်။ အခက်အခဲများအနက် အချို့အခက်များသည် ဒုက္ခသည်များ ထိုင်းနိုင်ငံမှ မထွက်ခွာခင်တွင် ပိုမိုကောင်းမွန်သော ပြင်ဆင်မှုများဖြင့် ဖြေရှင်းပေးနိုင်သည်ဟု သူက ကောက်ချက်ချပြခဲ့သည်။ အထူးသဖြင့် အချို့ အင်္ဂလိပ်ဘာသာစကားများ တပ်ဆင်ပေးမှုအပိုင်းဖြစ်သည်။ အစီရင်ခံစာ နှင့် အချို့တုန့်ပြန်ချက်များကို TBBC ၏ အင်တာနက်စာမျက်နှာတွင် ရရှိနိုင်ပါသည်။[7] နိုင်ငံတကာရွှေ့ပြောင်းအခြေချခြင်းဆိုင်ရာအဖွဲ့ (IOM) သည် အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချမည့် ဒုက္ခသည်များအတွက် ယဉ်ကျေးမှုမိတ်ဆက်ပြုလုပ်ပေးရန် တာဝန်ရှိသည်။ အဓိက အရင်းအမြစ်အကန့်အသတ်များကြောင့် လုပ်ငန်းစဉ်တွင် အကန့်အသတ်ရှိနေသည်ဟု IOM ကဆိုသည်။

**ရှမ်းဒုက္ခသည်များ။** ။ ၂၀၀၈ ခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံ ဖန်းင ခရိုင်သို့ ရောက်ရှိလာသော ရှမ်းဒုက္ခသည်အရေအတွက်သည် ပျမ်းမျှအားဖြင့် တလလျှင် ၃၈၀ ဦးရှိသည်။ ဒုက္ခသည်အများစုသည် ၁၉၉၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်တပ်မတော် (တောင်ပိုင်း) လှုပ်ရှားဒေသဖြစ်သည့် အလယ်ပိုင်းနှင့် တောင်ပိုင်းရှမ်းပြည်နယ်မှ အတင်းအကြပ် မောင်းထုတ်ခံရသော ဒေသများမှ စွန့်ခွာ ထွက်ပြေး လာသူများဖြစ်ကြသည်။ နအဖ တပ်ဖွဲ့များသည် သောင်းကျန်းသူ ဆန့်ကျင်ရေးနည်းနာများ၏ နည်းလမ်း တစိတ်တပိုင်းအဖြစ် ဒေသခံအရပ်သားပြည်သူများအပေါ် ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အဓမ္မပြု ကျင့်ခြင်းများကို ဆက်လက်ချိုးဖောက်နေသည်။ ကျေးရွာသားများသည် အတင်းအဓမ္မ လုပ်အားပေးခိုင်းခံရခြင်း၊ မြေယာသိမ်းယူခံရခြင်း၊ ဇီဝ လောင်စာစီ အတွက်ဟုဆိုကာ ကြက်ဆူပင် နှင့် အခြားသီးနှံများ အတင်းအကြပ် စိုက်ခိုင်းခြင်းဒဏ်ကိုလည်း ခံနေရသည်။

ရှမ်းဒုက္ခသည် ၂၀၀ ၀၀၀ ကျော်သည် ၁၉၉၆ ခုနှစ်မှစ၍ အဓမ္မပြောင်းရွှေ့ရေ စခန်းများမှ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်နေကြသည်ဟု ယုံကြည်ရသည်။ ၎င်းတို့သည် ထိုင်းနိုင်ငံမြောက်ဘက်လွှားရှိ ယာခင်းများ၊ သစ်သီးခြံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အများစုနေထိုင်ကြသည်။

ထိုင်းနိုင်ငံမြောက်ဘက်နယ်စပ်တလျှောက်တွင် နိုင်ငံတွင်းအခြေမဲ့သူများအတွက် ရှမ်းဒုက္ခသည်စခန်းလေးခုတွင် နိုင်ငံတွင်းအိုးအိမ်မဲ့နေထိုင်သူ ရှမ်းတိုင်းရင်းသား ၆၀၀၀ ဦး နေထိုင်ပြီး၊ အားလုံးသည် ရှမ်းပြည်တပ်မတော်– (တောင်ပိုင်း) တပ်စခန်းများအနီးတဝိုက်တွင် ခိုလှုံနေသော ဒုက္ခသည်များ ဖြစ်ကြသည်။ ထိုစခန်းများတွင် နေထိုင်နေသူ ဒုက္ခသည်များသည် ထိုင်းနိုင်ငံမှ အတင်းအကြပ်မောင်းထုတ်ခံခဲ့ရသော ဒုက္ခသည်များ သို့မဟုတ် အဖမ်းခံရမည့်အရေးအား ကြောက်ရွံ့၍ ထိုင်းနိုင်ငံသို့ မဝင်ရဲသော ဒုက္ခသည်များ နေထိုင်ရာ စခန်းများ ဖြစ်သည်။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) တပ်များအား နအဖတပ်များ၏ စဉ်ဆက်မပြတ်

[7] http://www.tbbc.org/announcements/2008-11-karen-resettled-usa-responses.pdf.

တိုက်ခိုက်မှုကြောင့် ထိုနိုင်ငံတွင်းအခြေမဲ့သူများ၏ လုံခြုံရေးသည် စိတ်ချရမှုမရှိပေ။ ၂၀၀၈ ခုနှစ်အကုန်ပိုင်းမှစ၍ နအဖ နှင့် အပစ်အခတ်သဘောတူညီမှုယူထားသော ဝသွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အား လက်နက်ချ၍ ၂၀၁၀ ရွေးကောက်ပွဲသို့ဝင်ရန် အဆက်မပြတ်ဖိအားပေးနေသည်။ ယခုအချိန် UWSA သည် လက်နက်ချရန် ငြင်းဆန်နေဆဲဖြစ်သည်။ နအဖက UWSA ထိန်းချုပ်ရာ ရှမ်းပြည် အရှေ့မြောက်ပိုင်း နှင့် တောင်ပိုင်း တဝိုက်တွင် ၎င်း၏တပ်များပိုမိုချထားခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ အကယ်၍ နအဖ နှင့် ခန့်မှန်းချေ အင်အား ၂၀၀၀၀ ခန့်ရှိသော UWSA အကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပါက္တဗ တောင်ပိုင်းဒေသသည် ထိုင်းနယ်စပ်နှင့် ထိစပ်နေသောကြောင့် ဒုက္ခသည်များသည် ထိုင်းနိုင်ငံသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာနိုင်သည်။

စောပိုင်းကာလ အတွင်း ရှမ်း–ထိုင်းနယ်စပ် တလျှောက် စစ်တပ်ထိုးစစ်ဆင်မှုများ မရှိခဲ့သော်လည်း နအဖသည် နယ်စပ်တလျှောက်တွင် လမ်းဖောက်ခြင်းလုပ်ငန်းများကို ဆက်လက်တိုးမြှင့် လုပ်ဆောင်လျက်ရှိသည်။ ထိုလမ်းသစ်များက ထိုးစစ်တခု ဆင်နွှဲရာတွင် တပ်များနေရာချထားခြင်းအတွက် အထောက်အကူဖြစ်စေသည်။

ယေဘူယျအားဖြင့် ရှမ်းဒုက္ခသည်များကို ထိုင်းအာဏာပိုင်များက အသိအမှတ်မပြုသော်လည်း တီဘီဘီစီသည် ချင်းမိုင်ခရိုင် ဝေဟင်ရှိ စခန်းငယ်တခုမှ ဒုက္ခသည် ၆၀၀ ကျော်ကို အစားအစာနှင့် အမိုးအကာပစ္စည်းများ ဆက်လက် ထောက်ပံ့ပေးလျက်ရှိသည်။ ထိုဒုက္ခသည်အများစုသည် ၂၀၀၂ ခုနှစ် မေလတိုက်ခိုက်မှုများမှ ထွက်ပြေးလာသူများ ဖြစ်ကြသည်။

**ရိုဟင်ဂျာလှေစီးဒုက္ခသည်များ။** ။ လွန်ခဲ့သည့် ခြောက်သွေ့ရာသီကာလသုံးခုအတွင်း ထိုင်းနိုင်ငံတောင်ပိုင်းသို့ ရောက်လာသော ရိုဟင်ဂျာလှေစီးဒုက္ခသည်များနှင့် ပတ်သက်၍ ပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလမှ ၂၀၀၇ ခုနှစ် မေလအတွင်း ရိုဟင်ဂျာလူမျိုး ၃၃၀၀ ဦးခန့် သယ်ဆောင်လာသော လှေအစင်း ၈၀ ခန့် ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၀၀၇ ခုနှစ်မှ ဧပြီလ ၂၀၀၈ ခုနှစ်အတွင်း နောက်ထပ် လှေ ၆၅ စင်းနှင့်အတူ ရိုဟင်ဂျာ ၅၉၀၀ ဦး ရောက်ရှိခဲ့သည်။

ရိုဟင်ဂျာများသည် ရောက်ရောက်ချင်းအဖမ်းခံခဲ့ရပြီး အစဦးပိုင်း ၂၀၀၆ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ပို့ရန်အတွက် မဲဆောက်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။ အချို့သည် ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) ထိန်းချုပ်သောနယ်မြေများသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ အချို့က ထိုင်းတောင်ပိုင်းသို့ ပြန်လည် ခိုးဝင်လာခဲ့သည်။ အချို့က မဲဆောက်တွင် ဒုက္ခသည်အဖြစ်နေထိုင်ပြီး အခြားအနည်းစုကမူ ဒုက္ခသည်စခန်းများတွင်းသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ ဤသည်က နယ်စပ်အဖွဲ့အစည်းများအတွက် ပြဿနာအများအပြားဖြစ်စေခဲ့ပြီး၊ နောက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ခြင်းကို ရနောင်းမှ တိုက်ရိုက်လုပ်ဆောင်ခဲ့သည်။ နောက်ဆုံး၌ ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် မဲဆောက်ဒေသတွင်း ကျန်ရစ်ခဲ့သူများကို ပြန်ဖမ်းဆီးကာ ထိုင်းနိုင်ငံတောင်ပိုင်းသို့ ပို့ဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ မဲဆောက်သို့ ထပ်၍ ပို့ဆောင်ခြင်းများ မရှိတော့ပေ။

ရိုဟင်ဂျာများသည် မျိုးရိုးအစဉ်အဆက် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သူများဖြစ်ကြသော်လည်း မြန်မာနိုင်ငံ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဆိုင်ရာဥပဒေအရ နိုင်ငံမဲ့သူများအဖြစ် သတ်မှတ်ခြင်း ခံထားရသူများဖြစ်သည်။ လှေစီးဒုက္ခသည်များအနက် အများစုသည် လူငယ်အမျိုးသားများဖြစ်ကြကာ ၎င်းတို့က ထိုင်းနိုင်ငံ သို့မဟုတ် မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် ခေါ်ဆောင်သွားကြမည်ဟု ယုံကြည်ကာ လူပွဲစားများကို ပိုက်ဆံပေးခဲ့ကြသည်။ အများစုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဖြစ်ကြသည်။ သို့သော် ၎င်းတို့တွင် ဘင်္ဂလားဒေ့ရှ်နှင့်အနီးအနားဒေသများရှိ ဒုက္ခသည်စခန်းများမှ အခြား ရိုဟင်ဂျာများအပြင် ဘင်္ဂလားဒေ့ရှ်လူမျိုး အနည်းငယ်လည်း ပါဝင်သည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုများကြောင့် ၂၀၀၇–၈ ခုနှစ်တွင် ခိုးဝင်သောပုံစံ ပြောင်းလဲ ခဲ့သည်။ ဤပုံစံက လှေကြီးများကိုအသုံးပြုကာ မြန်မာနိုင်ငံမှ တိုက်ရိုက်ထွက်ခွာခြင်း ဖြစ်သည်။ လှေအစင်းပေါင်းများစွာ နစ်မြုပ်မှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတွင်း အဖမ်းခံခဲ့ရသူများသည် မည်သည့်နေရာကိုမှ ပြန်မပို့ခင်အထိ ရနောင်းနှင့် ဖန်းငရို လူဝင်မှုကြီးကြပ်ရေးအချုပ်များတွင် ထိန်းသိမ်းထားခြင်း ခံကြရသည်။ တခါတရံတွင် အချုပ်ခန်းများ၌ လူပြည့်နေပြီး၊ နောက်ပိုင်းတွင် အများစုအား မလေးရှားသို့ ထပ်၍ ခိုးသွင်းကြသည်ဟု ယုံကြည်ရသည်။

နိဝင်ဘာလတွင် လှေများ ဘင်္ဂလားဒေ့ရှ်မှ ထွက်ခွာလာနေသည်ဟူသော အစီရင်ခံစာများကြောင့်၂၀၀၈ ခုနှစ် မိုးရာသီအကုန်တွင် ရိုဟင်ဂျာ အသစ်တဖန်အစုလိုက်အပြုံလိုက် စတင်ဝင်ရောက်လာခဲ့သည်။ ဒီဇင်ဘာလ အစောပိုင်းတွင် ထိုင်းနိုင်သို့ ရောက်ရှိလာမည့် လှေစီးဒုက္ခသည်များအရေးကိုင်တွယ်ခြင်းကို လူဝင်မှုကြီးကြပ်ရေးဌာနမှ နိုင်ငံတော်လုံခြုံရေးစီမံကွပ်ကဲမှုစစ်ဌာနချုပ် အမှတ် (၄) ဒေသသို့ လွှဲပြောင်းပေးခဲ့သည်။ ယင်းစစ်ဌာနချုပ်သည် ဝန်ကြီးချုပ် နှင့် တော်ဝင်ထိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိသည်။ ထိုအချိန်မှစ၍ အသစ်ရောက်ရှိလာသူ လှေစီးဒုက္ခသည်များကို ခိုစိုင်ဒန်ရှိ ယာယီစခန်းများသို့ ပြောင်းရွှေ့ပြေးကာ ရက်အနည်းငယ်ကြာပြီးနောက် ပင်လယ်ထဲသို့ ပြန်၍ ဆွဲခေါ်သွားခဲ့သည်။

ယခုအစီရင်ခံစာရေးနေချိန်တွင် အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ကယ်ဆယ်ခဲ့သော ရိုဟင်ဂျာများက ၎င်းတို့သည် ထိုင်းအာဏာပိုင်များ၏ ရိုက်နှက်ခြင်းကို ခံရပြီး စက်မဲ့လှေ၊ လုံလောက်သော အစားအစာ၊ သောက်သုံးရေမရှိပဲ ပင်လယ်ထဲသို့ အတင်းအကြပ်ပြန်မောင်းထုတ်ခံရသည်ဟူသော အစီရင်ခံခက်များကြောင့် နိုင်ငံတကာစိုးရိမ်ချက်များ အဓိကထွက်ပေါ်နေသော ကာလဖြစ်သည်။ လူရာနှင့်ချီ၍ သေဆုံး သို့မဟုတ် ရေနစ်မြုပ်သွားကြသည်ဟု ဆိုသည်။ ထိုင်းလုံခြုံရေးအရာရှိများက ယင်းစွတ်စွဲပြောဆိုချက်များကို ကနဦးတွင် ပယ်ချခဲ့သည်။ ဝန်ကြီးချုပ်က စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့သည်။ နောက်ဆုံး လူ ၇၈ ဦးပါ အုပ်စုတစုသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အဖမ်းခံခဲ့ရသည်။ ထိုအချိန်တွင် ယခင်ကလုပ်ရိုးလုပ်စဉ်အတိုင်း လူဝင်မှုကြီးကြပ်ရေးသို့ လွှဲပြောင်းပေးကာ ဆောင်ရွက်စေသည်။ လှေစီးဒုက္ခသည်များက ၎င်းတို့ ထိုင်းနိုင်ငံသို့ထွက်ပြေးလာစဉ် လမ်းခုလတ်တွင် မြန်မာစစ်တပ်၏ ပြင်းပြင်းထန်ထန်ရိုက်နှက်ခံခဲ့ရသည်ဟု ဆိုခဲ့သည်။

ယင်းပြဿနာအတွက် ရိုးစင်းလွယ်ကူသော အဖြေမရှိပေ။ ဒေသတခုလုံးဆိုင်ရာ ချည်းကပ်မှုတခု လိုအပ်သည် ဟူသော အားလုံး၏ သဘောတူညီချက်တခုရှိနေသေးသော်လည်း မြန်မာအစိုးရကမူ ထိုသူများကို ၎င်း၏ နိုင်ငံသားများအဖြစ်ပင် လက်မခံငြင်းဆန်နေဆဲဖြစ်သည်။

## ၂။ ခ) ရှေ့ဦးဆောင်ရွက်မှုများ ပြင်ဆင်ခြင်းနှင့် တောဝင်ထိုင်းအစိုးရမူဝါဒ

၂၀၀၅ ခုနှစ် ဧပြီလတွင် UNHCR နှင့် CCSDPT တို့က ကာလရှည်ကြာစွာ အမြစ်တွယ်ပေါ်ပေါက်နေသော ဒုက္ခသည် အခြေအနေများအပေါ် ပိုမိုပြည့်စုံသော ချည်းကပ်မှုတခုရရှိရေးအတွက် ထိုင်းအာဏာပိုင်များကို လှုံ့ဆော်စည်းရုံးမှုများ စတင် ပြုလုပ်ခဲ့သည်။ ပညာရေး နှင့် လုပ်ငန်းကျွမ်းကျင်မှု လေ့ကျင့်ပေးမှု အခွင့်အလန်း အကန့်အသတ်အပြင် ဝင်ငွေရရှိနိုင်သော အခွင့်အလန်းမရှိပဲ ဒုက္ခသည်များအား စခန်းများအတွင်း ထည့်ထားခြင်းသည် ရေတိုကာလအတွက် ဆီလျော်သော်လည်း နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ပြီးနောက် စိတ်ကျလာခြင်း၊ မျှော်လင့်ချက်မဲ့လာခြင်းနှင့် အကူအညီများအပေါ်မှီခိုအားထားမှု ပို၍ များပြားလာခြင်းအစရှိသော ရလဒ်အဆိုးများရှိနေသည်ဆိုသော ငြင်းခုံချက်ရှိခဲ့သည်။ ဒုက္ခသည်များအား ပိုမိုကောင်းမွန်သော ပညာရေးနှင့် ကျွမ်းကျင်မှုသင်တန်းများ တက်ခွင့်ပေးခြင်း အလုပ်လုပ်နိုင်ခွင့်အခွင့်အလန်းများပေးခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသော အခြေအနေတခုကို ရရှိလာလိမ့်မည်။ ဒုက္ခသည်များသည် ၎င်းတို့၏ လူသားဆိုင်ရာလုပ်နိုင်ရည်များကို ပို၍ပြည့်ဝစွာ နားလည်လာနိုင်ကြသလို ငြီးငွေ့ခြင်းနှင့် စိတ်ပျက်ခြင်းကြောင့် စခန်းအတွင်းဖြစ်ပေါ်နေသည့် ပြဿနာများ ကွယ်ပျောက်သွားနိုင်သည်။ ထို့အပြင် ၎င်းတို့သည် တတိယနိုင်ငံများသို့ ပြောင်းရွှေ့အခြေချနေထိုင်ခြင်း သော်လည်းကောင်း နောက်ဆုံး ၎င်းတို့ တိုင်းပြည်သို့ ပြန်သွားနိုင်သောအချိန်တွင် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တအပ်တအား ပါဝင်ဆောင်ရွက်နိုင်သောကြောင့် ပိုမိုအဓိပ္ပါယ်ပြည့်ဝသော နိုင်ငံသားများ ဖြစ်လာနိုင်ကြမည်။ တချိန်တည်းတွင် ထိုင်းစီးပွားရေးတွင် ၎င်းတို့က

ကောင်းမွန်သော အားဖြည့်ပေးမှုများ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ထိုကဲ့သို့သော နည်းလမ်းများသည် ရေရှည်ကာလတွင် လူသားချင်းဆိုင်ရာ အထောက်အပံ့များလိုအပ်ချက်ကို တဖြည်းဖြည်းဖြင့် နည်းပါးသွားစေနိုင်သည်။

၎င်းယူဆချက်များကို CCSDPT/ UNHCR ၏ဘက်စုံစီမံကိန်းတွင် ထည့်သွင်းထားခဲ့သည်။ တော်ဝင်ထိုင်းအစိုးရ၏ ချက်ချင်းလက်ငင်းတုန့်ပြန်ချက်သည် အားရဖွယ်ကောင်းခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် MOI က အန်ဂျီအိုများအား ဝင်ငွေဖန်းတည်းပေးသော ဖြစ်နိုင်ချေ သင်တန်းများကို တိုးမြှင့်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီး၊ ထိုနှစ်အတွင်းမှာပင် စခန်းများအတွင်း ပညာရေးမြင့်မားမှုနှင့် စခန်း ၃ ခုအတွင်း စမ်းသပ်ပရောဂျက်များမှတဆင့် ဖြစ်နိုင်ချေ အလုပ်ခန့်အပ်မှုများကို ရှာဖွေစဉ်းစားမည်ဟု တော်ဝင်ထိုင်းအစိုးရက ကတိကဝတ်ပြုခဲ့သည်။

အကြောင်းမလှစွာပင် ယင်းလုပ်ငန်းများသည် ၂၀၀၆ ခုနှစ် စက်တင်ဘာလ စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းနှင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရပ်ဆိုင်းခဲ့ရသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများတွင် အချို့ချဲ့ထွင်မှုများ ရှိနေသော်လည်း ဒုက္ခသည်အများစု၏ ဘဝမှာ ပြောင်းလဲသွားခြင်းမရှိပေ။ ဝင်ငွေဖန်းတည်းပေးသော အသေးစားလုပ်ငန်းအချို့ကိုသာ တည်ထောင်နိုင်ခဲ့ပြီး မယ်လစခန်းနှင့် ထန်ဟင်းစခန်းပြင်ပတွင် စိုက်ပျိုးရေးပရောဂျက်တခု တည်ထောင်နိုင်ခဲ့သည်။ ထိုင်းတက္ကသိုလ်များသို့ လက်တစုပ်စာ ဒုက္ခသည်အချို့အတွက်သာ ဝင်ခွင့်ရရှိရေး စဉ်းစားနေဆဲဖြစ်သည်။

တိုးတက်မှုတစုံတရာမရှိလာခြင်းအပေါ် စိတ်ပျက်မှုများ ရှိလာနေပြီး အချို့အလှူရှင်များက ၂၀၀၈ ခုနှစ်တွင် ဒုက္ခသည်အထောက်အပံ့များ ဖြတ်တောက်ပစ်ရန် ဦးတည်ခဲ့သော ထောက်ပံ့ကြေးငွေကို အတိအကျသတ်မှတ်၍ပေးသော စနစ်ကို စတင်ကျင့်သုံးလာခဲ့သည်။ ယင်းကိစ္စရပ်ကို ဖြေရှင်းရန် ဘန်ကော်ကအခြေစိုက် အလှူရှင်အလုပ်အဖွဲ့အစည်းအဝေးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးက UNHCR /CCSDPT သည် နှစ်လတ်မဟာဗျူဟာ (၅ နှစ်ဟုဆိုပါစို့)ထား၍ လုပ်ဆောင်သင့်သည်။ ထိုမဟာဗျူဟာသည် တော်ဝင်ထိုင်းအစိုးရ၏ လက်ခံပါဝင်မှုနှင့် ဖြစ်ထွန်းပေါ်ထွက်မှုလိုအပ်သည်မှာ အထင်အရှားဖြစ်သည်။ လက်ရှိနိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ခက်ခဲသော အစီအမံတခုဖြစ်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဥရောပကော်မရှင် နှင့် ဗြိတိန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဌာနတို့က ပြုလုပ်သော လေ့လာချက် နှစ်ခုတွင် ထိုမဟာဗျူဟာ၏ အဓိကအချက်နှစ်ချက်မှာ ထိရောက်သော ဒုက္ခသည်အဆင့်သတ်မှတ်ချင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများမိတ်ဆက်ပေးခြင်းဖြင့် လူဦးရေကို ထိန်းချုပ်နိုင်သည့်အပြင် ပြန်လည်အခြေချခြင်း၏ သတ်ရောက်မှုကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်။ ဒုတိယအချက်မှာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအခွင့်အလန်းများ ဖန်းတည်းပေးခြင်းဖြင့် ဒုက္ခသည်များ၏ ကိုယ့်အားကိုယ်ကိုးနိုင်မှု မြင့်မားလာကာ တဖြည်းဖြည်းဖြင့် ဒုက္ခသည်စခန်းများကို လွတ်လပ်ခွင့်များပေး၍ အလုပ်လုပ်နိုင်ခွင့်များ ဖန်တည်းပေးနိုင်သော မဟာဗျူဟာဖြစ်သည်ဟု တွေ့ရှိခဲ့သည်။ လက်ရှိထိုင်းနိုင်ငံ၏ စနစ်များအတွင်း ဒုက္ခသည်များ၏ ကျန်းမာရေး နှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပါဝင်လာနိုင်ရေး အတွက်လည်း အကြံပြုချက်များ ပြုလုပ်ခဲ့သည်။

ဒုက္ခသည်များစစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းတည်ဆောက်ခြင်းအတွက် တိုးတက်မှုများရှိနေသော်လည်း (၂ က အား ကြည့်ပါ) ဒုက္ခသည်များသည် စခန်းအတွင်းတွင်သာ နေရမည်ဟူသော မူဝါဒတွင် ယခုအချိန်အထိ အပြောင်းအလဲများ မရှိသေးပေ။ ယင်းမူဝါဒသည် ထိရော်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တည်ဆောက်ရန်အတွက် ဖြစ်နိုင်ချေကို အကန့်အသတ်ဖြစ်စေသည်။ ယင်းကိစ္စရပ်ကို ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော တော်ဝင်ထိုင်းအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အလုပ်ရုံဆွေးနွေးပွဲ၌ အစိုးရမဟုတ်သော အဖွဲ့အစည်းများက တင်ပြခဲ့သည်။ ရွှေ့ပြောင်းအလုပ်သမားကို ပိုမိုဆွဲဆောင်နိုင်သောအခြေအနေများအဖြစ်သော်လည်းကောင်း ဒေသခံစီးပွားရေးလုပ်ငန်းများ အပေါ် သတ်ရောက်မှုများစသည့်စိန်ခေါ်ချက်များသည် တော်ဝင်ထိုင်းအစိုးရ၏ တရားဝင်စိုးရိမ်ချက်များအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့သော် တော်ဝင်ထိုင်းအစိုးရသည် ဖြစ်နိုင်ချေရှိသော မဟာဗျူဟာများကို

ထည့်သွင်းစဉ်းစားရန်အတွက် အလှူရှင်များ၊ အခြားသောတာဝန်ရှိသူများနှင့်ဆွေးနွေးရန် စိတ်အားထက်သန်ခဲ့သည်။ လက်ရှိ ရှိနေသည့် အခြေအနေသည် တာရှည်ခံမည့် အခြေအနေမရှိနိုင်ပေ။ ထို့ကြောင့် ၂၀၀၉ခုနှစ် ပထမခြောက်လအတွင်း တွေ့ဆုံဆွေးနွေးပွဲများကို သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် စတင်နိုင်မည်ဟု မျှော်လင့်ရသည်။

၂၀၀၈ ခုနှစ် ဆန်စျေးအကြပ်အတည်းကာလအချိန်တွင် ထိုင်းအစိုးရထံသို့ ဆန်လှူဒန်းရန် သို့မဟုတ်က TBBC သို့ ဖောက်သည်အရင်းအတိုင်း စျေးဖြင့် ရောင်းချပေးရန် မေတ္တာရပ်ခံခဲ့သည်။ အကြောင်းမလှစွာပင် မတည်ငြိမ်သော နိုင်ငံရေးအခြေအနေကြောင့် ညှိနှိုင်းမှုရပ်တန့်ခဲ့ရသည်။ သို့သော် အကယ်၍ ထိုင်းနိုင်ငံသည် ထိုနည်းလမ်းအား ပုံမှန်လုပ်ဆောင်သွားမည်ဆိုပါက TBBC ၏ တခုတည်းသော အကြီးမားဆုံးတာဝန် ပြီးမြောက်စေရေးအတွက် အဖိုးထိုက်တန်သော အထောက်အပံ့နှင့် အကူအညီပေးမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။



## ၂၊ ဂ) ရွှေ့ပြောင်းအလုပ်သမားများ

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားပေါင်း ၂ သန်းကျော်ရှိပြီး၊ ထိုအနက်မှ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသည် မြန်မာပြည်မှ လာရောက်သူများဟု ယူဆရသည်။ ယခုအချိန်ထိ အပြည့်စုံဆုံးသော မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ၂၀၀၄ ခုနှစ်အတွင်း ရွှေ့ပြောင်းအလုပ်သမားအားလုံးကို အာဏာပိုင်များထံတွင် လာရောက်မှတ်ပုံတင်ခွင့် ပြုခဲ့သောလုပ်ငန်းဖြစ်ပြီး၊ အလုပ်သမားများနှင့် မှီခိုသူများအပါအဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၂၈၄၉၂၀ ဦးကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အလုပ်သမား ၈၄၉၅၅၂ ဦးကို တနှစ်တာအလုပ်လုပ်ခွင့်ကဒ်ပြားထုတ်ပေးခဲ့ပြီး၊ ထိုင်းကျန်းမာရေး ဝန်ဆောင်မှုများတွင် ကုသခွင့်ပေးခဲ့သည်။

နောက်ထပ်သုံးနှစ်အကြာတွင် ထိုရွှေ့ပြောင်းအလုပ်သမားများကို ပြန်လည် မှတ်ပုံတင်ရန် ခွင့်ပြုခဲ့ကာ နှစ်စဉ်နှစ်တိုင်း မှတ်ပုံတင်သည့်အရေအတွက်ထက် လျော့နည်းလာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၂၀၈၅၆၂ ဦးကို ထပ်မံ၍ အလုပ်လုပ်ခွင့်ကဒ်ပြား ထုတ်ပေးခဲ့သည်။ သို့သော် ၂၀၀၇ ခုနှစ်တွင် မြန်မာပြည်သား ၄၈၅၉၂၅ ဦးအပါအဝင် မှတ်ပုံတင်ထားသော အလုပ်သမားဦးရေစုစုပေါင်း ၅၃၂၃၀၅ ဦးသာ ရှိခဲ့သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် တော်ဝင်ထိုင်းအစိုးရက ရွှေ့ပြောင်းအလုပ်သမားများအား ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ နောက်ထပ် နှစ်နှစ် နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်ကဒ်ပြားများ ထပ်တိုးမြှင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ မှတ်ပုံတင်သတ်တမ်းတိုးနှင့်နေ့တွင် လတ်မှတ်သတ်တမ်းတိုးသူများသည် မြန်မာအစိုးက

မြန်မာနိုင်ငံသားအဖြစ်မှန်ကန်ကြောင်း ထောက်ခံချက်လိုအပ်လိမ့်မည်ဟု ၂၀၀၈ ခုနှစ်တွင်ကြေငြာခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် တော်ဝင်ထိုင်းအစိုးရသည် အလုပ်သမားမှတ်ပုံတင်ထားခြင်းမရှိသေးသူများအတွက် မှတ်ပုံတင်ခွင့်ပေးရန် စဉ်းစားနေသည်။ သို့သော် စီးပွားရေးအကြီးအကျယ်ကျဆင်းမှုနှင့် ထိုင်းနိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်းတိုးမြင့်လာခြင်းကြောင့် နောက်ထပ်မှတ်ပုံတင်ခြင်းလုပ်ငန်းသည် ရွှေ့ဆိုင်းလိုက်ရသည်ဟု နားလည်ရသည်

ရွှေ့ပြောင်းအလုပ်သမားအများအပြားသည် စခန်းအတွင်းနေထိုင်နေသူများကဲ့သို့ပင် လူ့အခွင့်အရေး ချိုးဖောက်ခံ ရခြင်းများကြောင့် ၎င်းတို့အိုးအိမ်များသို့ ထွက်ပြေးစွန့်ခွာလာရသည့် “ဒုက္ခသည်များ”ပင်ဖြစ်သည်။ ၎င်းတို့သည် စခန်းအတွင်း ဝင်ရောက်မနေထိုင်ရခြင်းအကြောင်းမှာ ၎င်းတို့၏ ရွေးချယ်ချက်အရသော်လည်းကောင်း၊ တူညီသော လူမှုအဝန်းအဝိုင်းမှ မဟုတ်၍သော်လည်းကောင်း သို့မဟုတ် လက်တွေ့ကျသော ဝင်ခွင့်ပြုသည့် စနစ် ၎င်းတို့အတွက် မရှိခြင်းကြောင့်သော်လည်းကောင်း သို့မဟုတ် ၎င်းတို့သည် စခန်းအတွင်းတွင် နေထိုင်ပါက သွားလာခွင့်မရှိမည့်အရေးကို စိုးရိမ်ကာ အဖမ်းခံရသည့် အခြေအနေ၊ လုပ်ခနှုန်းအပေါ်တွင် ခေါင်းပုံဖြတ်ခံရနိုင်သည့်အခြေအနေကို စွန့်စားရန်သာ ဆုံးဖြတ်ချက်ချလိုက်ခြင်းကြောင့်ဖြစ်နိုင်သည်။ စီးပွားရေးကျဆင်းနေသော်လည်း ထိုင်းနိုင်ငံသည် ထိုင်းနိုင်ငံသားများ မလုပ်ကိုင်လိုသော လုပ်ငန်းများအတွက် ရွှေ့ပြောင်းအလုပ်သမားများ၏ လုပ်အားများစွာ လိုအပ်နေသည်။ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ဘက်စုံခြုံငုံမိသော မူဝါဒတရပ်သည် ၎င်းဒုက္ခသည်များအတွက် အကာအကွယ်တခုအဖြစ်ပေးနိုင်သည့်အပြင် အသက်ရှင်ရပ်တည်ရေးအတွက်လည်း အခွင့်အလန်းတခု ဖန်တည်းပေးကောင်းနိုင်သည်။ သက်ဆိုင်ရာ နိုင်ငံများ၏ မှန်ကုန်ကြောင်းထောက်ခံချက်လိုအပ်သည့် လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံသားအများအပြားကို အနာဂါတ် အလုပ်လုပ်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် အတားအဆီးဖြစ်နိုင်သည်။

## ၂၊ ဃ) နိုင်ငံတွင်းအိုးအိမ်မဲ့များ။ ။ မြန်မာပြည်အရှေ့ဘက်ခြမ်းရှိ အခြေအနေ

ထိုင်းနိုင်ငံတွင် နေထိုင်နေသော ဒုက္ခသည်အသစ်အများစုသည် မြန်မာနိုင်ငံအတွင်း အိုးအိမ်မဲ့ လှည့်လည်နေထိုင်ခဲ့သူများ ဖြစ်ကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများက ပြုလုပ်သော ကွင်းဆင်းစစ်တမ်းများအရ မြန်မာနိုင်ငံအရှေ့ခြမ်းအတွင်း နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူဦးရေ အနည်းဆုံး သန်းတဝက်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ TBBC နှင့် ၎င်း၏ လူထုအခြေပြုအဖွဲ့အစည်းများက ၂၀၀၉ ခုနှစ်အောက်တိုဘာလအထိ ကျေးလက်ဒေသများတွင် အနည်းဆုံး လူဦးရေ ၄၅၁၀၀၀ ဦးရှိခဲ့သည်ဟု ခန့်မှန်းထားခဲ့သည်။ ယင်းခန့်မှန်းချေလူဦးရေတွင် တိုင်းရင်းသားလူမျိုးစုများ ထိန်းချုပ်ရာ အပစ်ရပ်ဒေသများအတွင်း တည်ရှိသော ယာယီစခန်းများအတွင်း နေထိုင်သူ ခန့်မှန်းချေ ပြည်သူ ၂၂၄၀၀၀ ဦးပါဝင်သည်။ သို့သော် ပဋိပက္ခ နှင့် ကျူးလွန်မှုများ အများဆုံးဖြစ်ပေါ်နေသော ဒေသအတွင်း နအဖ၏ ရန်မှ ပုန်းရှောင်နေကြသော အရပ်သားပြည်သူ အနည်းဆုံး ၁၀၁၀၀၀ ဦးနှင့် နှင့် နအဖ၏ အတင်းအကြပ်ပြောင်းရွှေ့ရေးအမိန့်အား လိုက်နာ၍ သတ်မှတ်ရာရွှေ့ပြောင်းရေး စခန်းများအတွင်း နေထိုင်နေရသော ကျေးရွာသား အနည်းဆုံး ၁၂၆၀၀၀ ဦးတို့ပါဝင်သည်။ အောက်ဖော်ပြပါ ဇယားကွက်သည် ၂၀၀၈ ခုနှစ်အထိ နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ၏ ဖြန့်ကျက်မှုများ အကျဉ်းချုပ်တင်ပြထားပြီး၊ နောက်ဆက်တွဲ (ဆ) တွင် နိုင်ငံတွင်းအခြေမဲ့ဖြစ်ရမှု၏ အကြောင်းရင်း အကျဉ်းချုပ်ကို ဖော်ပြထားသည်။

## ၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံအရှေ့ခြမ်း နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူများ ဖြန့်ကျက်မှု

| ပြည်နယ်နှင့် တိုင်းများ | ပုန်းအောင်း နေ ထိုင်နေသော **IDP** ပြည်သူများ | ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်နေသော **IDP** ပြည်သူများ | အပစ်ရပ်ဒေသများတွင် နေထိုင်သော **IDP** ပြည်သူများ | စုစုပေါင်း **IDP** ပြည်သူဦးရေ |
|---|---|---|---|---|
| တောင်ပိုင်း ရှမ်းပြည်နယ် | ၁၆၅၀၀ | ၂၆၁၀၀ | ၈၂၄၀၀ | ၁၃၅၀၀၀ |
| ကရင်နီ ပြည်နယ် | ၈၃၀၀ | ၅၀၀၀ | ၃၈၀၀၀ | ၅၃၃၀၀ |
| ပဲခူးတိုင်း အရှေ့ခြမ်း | ၂၁၀၀၀ | ၂၃၅၀၀ | ၀ | ၄၄၅၀၀ |
| ကရင်ပြည်နယ် | ၄၈၅၀၀ | ၁၀၈၀၀ | ၄၄၅၀၀ | ၁၀၄၈၀၀ |
| မွန်ပြည်နယ် | ၈၀၀ | ၄၈၀၀ | ၄၂၁၀၀ | ၄၇၇၀၀ |
| တနင်္သာရီတိုင်း | ၃၈၀၀ | ၅၅၇၀၀ | ၆၀၀၀ | ၆၅၆၀၀ |
| စုစုပေါင်း | ၁၀၁၀၀၀ | ၁၂၆၀၀၀ | ၂၂၄၀၀၀ | ၄၅၁၀၀၀ |

**၂၀၀၈ခုနှစ် အောက်တိုဘာလ အထိ ၁၂ လတာ ကာလအတွင်း နယ်နမိတ်ထိစပ် ပြည်နယ်၊ တိုင်းများ တခုချင်းစီ၏ အခြေအနေကို အောက်ပါအတိုင်းတွေ့ရှိနိုင်သည်။**

**ရှမ်းပြည်နယ်တောင်ပိုင်း။** ။ ၂၀၀၆ ခုနှစ်တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) မှ တပ်ရင်းအဟောင်းတခု လက်နက်ချသွားသည့်အချိန်မှစ၍ လက်နက်ကိုင်တိုက်ပွဲများနှင့် မြန်မာစစ်တပ် တပ်ချထားမှုများသည် လွိုင်ခေါ်၊ မိုးကောင်း၊ နမ့်ဇမ်၊ ခဲဆီးမြို့နယ်များတွင် ပို၍ များပြားလာသည်။ တောင်ပိုင်းရှိ လက်နက်ကိုင်တပ်များနှင့် မြောက်ပိုင်းရှိ အပစ်ရပ်အဖွဲ့များအကြား ဆက်သွယ်ရေးကို ဖြတ်တောက်ခြင်းဖြင့် မြန်မာစစ်တပ်က ၎င်း၏ ထိန်းချုပ်မှုကို အားကောင်းလာစေရန် အားထုတ်နေသည်။ အောက်တိုဘာလတွင် ရှမ်းကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (SRDC) က ယင်းကာလအတွင်း ၎င်းမြို့နယ်လေးခုမှ အရပ်သားပြည်သူ ၁၃၀၀၀ ကျော် ၎င်းတို့ အိုးအိမ်များမှ မောင်းထုတ်ခြင်းခံခဲ့ရသည်ဟု ခန့်မှန်းထားသည်။

**ကရင်နီ (ကယား) ပြည်နယ်။** ။ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (SNPLF)သည် လွန်ခဲ့သော နှစ်အတွင်း အဆင့်နှစ်ဆင့်ခွဲ၍ လက်နက်ချပြီးနောက် ကရင်နီရွာသားများသည် ရှမ်းပြည်နှင့် ကရင်နီပြည်နယ်နှစ်ခုတွင် အလားတူမတည်ငြိမ်မှုများအကြား ကြားညှပ်ခဲ့ရသည်။ လက်နက်ကိုင်အတိုက်အခံ နှင့် မြန်မာစစ်တပ်သည် ယခင် ပအိုဝ်အပစ်ရပ်ဒေသအတွင်း အာဏာနှင့် အရင်းအမြစ်အပေါ် သူပိုင်ငါပိုင် တိုက်ခိုက်မှုများ ရှိနေသောကြောင့် အနည်းဆုံးကျေးရွာသား ၃၀၀၀ ကျော်အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ ဖါးဆောင်မြို့နယ် တောင်ဖက်ခြမ်းတွင် လမ်းမိုင်းအသစ်များချထားခြင်းနှင့် ကရင်နီပြည်နယ် တိုက်ပွဲများဖြစ်ပွားသောဒေသတွင် ခဲမိုင်းတူးဖေါ်ခြင်းလုပ်ငန်းများကြောင့် အနီးတဝိုက်ရှိကျေးရွာသားများသည် ၎င်းတို့အိုးအိမ်များနှင့် စိုက်ခင်းများကို စွန့်ခွာပေးနေကြရသည်။

**ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းအရှေ့ခြမ်း။** ။ ပဋိပက္ခကြောင့် ဖြစ်ပေါ်ရသော အခြေမဲ့မှုသည် မြန်မာစစ်တပ်နှင့် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့အကြား ပစ်ခတ်များ ဖြစ်ပေါ်နေသော ကရင်ပြည်နယ်မြောက်ခြမ်းတွင် အဖြစ်များနေဆဲဖြစ်သည်။ စိုစွတ်သောရာသီဥတုက ကရင်ရွာသားများအတွက် မြန်မာစစ်တပ် ကင်းလှည့်တပ်စုများ၏ ခြိမ်းခြောက်မှုမှ ကင်းလွတ်ခွင့်ရသော အချိန်ကာလတစ်ခု ဖြစ်လေ့ရှိခဲ့သော်လည်း လွန်ခဲ့သော နှစ် နှစ်အတွင်း စစ်တပ်များ ပိုမိုချထားခြင်းကြောင့်

တနှစ်ပတ်လုံး အလုပ်မနားမနေလုပ်ကိုင်ကြရသည်။ ကရင်နိုင်ငံတွင်းအိုးအိမ်မဲ့နေထိုင်သူများဆိုင်ရာကော်မတီ (CIDKP) နှင့် ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံးက လွန်ခဲ့သော ၁၂ လအတွင်း တိုက်ခိုက်မှုဒဏ်ခံရသော မြို့နယ် ၄ မြို့နယ်တွင်ရွာသားပေါင်း ၂၇၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်သွားခဲ့သည်ဟု အောက်တိုဘာလတွင် ခန့်မှန်းထားသည်။ အရပ်သားများအား ပစ်မှတ်ထားကာ စစ်ရေးတိုက်ခိုက်မှုများသည် ၂၀၀၆ ခုနှစ် စစ်တပ်၏ ထိုးစစ်များ စတင်သည်မှ စ၍ ကျဆင်းလာခဲ့သည်။ သို့သော် လက်နက်ကိုင်အတိုက်အခံများကို ထောက်ခံသူများအဖြစ် ကျေးရွာသားများကို ရှုမြင်ကာ မငဲ့မညာ တိုက်ခိုက်လျှက်ရှိနေသေးသည်။

**မွန်ပြည်နယ်**။ ။ ရေးမြို့နယ်တောင်ပိုင်းရှိ ကျေးရွာသားများသည် မွန်ခွဲထွက်အုပ်စု၏ အကူအညီတောင်းခံမှုနှင့် မြန်မာစစ်တပ်၏ သူပုန်ထောက်ခံသူများအဖြစ် စွတ်စွဲကာ လက်တုန့်ပြန်ခြင်းများအကြား ညှပ်ပူးညှပ်ပိတ် မိနေသည်။ ၂၀၀၈ ခုနှစ် ဇွန်လ တိုက်ခိုက်မှုတခုအပြီးနောက် ခွဲထွက်အုပ်စုကို ချေမှုန်းပစ်မည့် ၃ လကြာ ထိုးစစ်တခုကို အမိန့်ပေးခဲ့သည်။ ပထမဦးဆုံးသော လုပ်ရပ်များအနက် တခုမှာ ကျေးရွာကောက်မတီဝင် ၃ ဦးအား စစ်းဆေးမေးမြန်းချိန်အတွင်း နှိပ်စက်ကာ မိသားစုမှ လုံလောက်သော လဘ်ငွေမပေးမချင်း ၎င်းတို့ကို ချုပ်နှောင်ထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ အလားတူ နှိပ်စက်ခြင်းကို ကြောက်ရွံ့မှုနှင့် သွားလာခြင်းများအပေါ် ဆက်လက်ပိတ်ပင်ထားခြင်းများကြောင့် အနီးစပ်ချုပ်ကျေးရွာများနှင့် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာ အပစ်ရပ်ဒေသများသို့ တဖြည်းဖြည့် ပုံမှန်ရွာသားများ ဝင်ရောက်လျှက်ရှိသည်။

**တနင်္သာရီတိုင်း။** ။ကဆဲဒိုးတောင်တန်းအနီးတဝိုက်ရှိ ပုန်းအောင်းနေသော အိုးအိမ်မဲ့ပြည်သူများသည် နအဖ၏ ဆက်လက်အနိုင်ကျင့်တိုက်ခိုက်နေမှုများအပေါ် ရင်ဆိုင်ဖြေရှင်းသော နည်းလမ်းများ ကုန်သလောက်ရှိနေပြီဖြစ်သည်။ လွန်ခဲ့သော နှစ်အတွင်း ယင်းဒေသအတွင်း မြန်မာကင်းလှည့်စစ်ကြောင်းများက ပုန်းခိုစခန်း ၇ ခုမက တွေ့ရှိခဲ့ပြီး မီးရှို့ခဲ့သည်။ ဒီဇင်ဘာလတွင်လည်း လောလောလတ်လတ်တိုက်ခိုက်မှုများ ရှိခဲ့သည်။ အရပ်သားပြည်သူများအပေါ် ပေါ်ပေါ်ထင်ထင် ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ရာနှင့်ချီသော အရပ်သားပြည်သူများသည် ထိုင်းနိုင်ငံသို့လည်းကောင်း အစိုးရထိန်းချုပ်ရာ ရွှေ့ပြောင်းရေးစခန်းများသို့လည်းကောင်း ထွက်ပြေးခိုဝင်ကြရသည်။ တနင်္သာရီ နှင့် ထားဝယ်မြို့နယ်များအတွင်းရှိ ရွှေ့ပြောင်းရေးစခန်းများတွင် နေထိုင်သူ ရွာသားများသည် စစ်တန်းလျားများ ဆောက်လုပ်ပေးရခြင်း၊ ပြုပြင်ပေးရခြင်းများကို မကြာခဏခိုင်းစေခံရပြီး ရှေ့တန်းတပ်ဖွဲ့များတွက်လည်း ရက္ခာများ ထောက်ပံ့ပေးရသည်။ ခြောက်သွေ့ရာသီတိုင်းတွင် ရွာသားများသည် ရှေ့တန်းသို့ စစ်ပစ္စည်းများ သယ်ဆောင်ပေးကြရသည်။

## ၂။ င) နိုင်ငံရေးအရ ဖြစ်ထွန်းတိုးတက်မှုများ

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ရွှေဝါရောင်တော်လှန်ရေး နှင့်၂၀၀၈ ခုနှစ် မေလတွင် နာဂစ်ဆိုင်ကလုန်းတိုက်ခိုက်မှုများ ဖြစ်ပွားအပြီးနောက်ပိုင်းတွင် နအဖ၏ ဦးစားပေးလုပ်ငန်းသည် ၎င်း၏ထိန်းချုပ်မှုကို စုဆည်းခြင်း နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ပြင်ဆင်ရေးပင်ဖြစ်သည်။

နိုင်ငံတကာလူသားချင်းဆိုင်ရာကူညီပေးသော အေဂျင်စီများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်းသို့ မကြံုစဖူးသွားလာနိုင်ခွင့်အခွင့်အရေးရရှိခဲ့သောလည်း နအဖသည် နိုင်ငံတကာမိသားစု၏ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး နှင့် တွေ့ဆုံဆွေးနွေးပွဲ ပေါ်ပေါက်ရေးအားထုတ်ချက်များကို လက်မခံပယ်ချနေဆဲဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှုးချုပ်၏ အထူးကိုယ်စားလှယ် အီဗရာဟင်ဂမ်ဘာရီသည် ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် တိုင်းပြည်သို့ နောက်တဖန်သွားရောက်ခဲ့သော်လည်း စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှုးကြီးသန်းရွှေနှင့် မတွေ့ခဲ့ရသလို ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း မတွေ့နိုင်ခဲ့ပေ။ နိုင်ငံတကာထင်မြင်ယူဆချက်များကို လုံးဝအာခံသောအားဖြင့် နအဖသည် ၂၀၀၇ ခုနှစ်

စက်တင်ဘာဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူများကို ရက်ရက်စက်စက်ထောင်ဒဏ်များချမှတ်ခဲ့သည့်အပြင် အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းဦးရေ နှစ်ဆကျော်ပိုများလာသည်။

နာဂစ်ဆိုင်ကလုန်းကြောင့် ဆိုးဝါးသော အစားအစာမလောက်ငှမှုနှင့် ငွေဖောင်းပွမှုဖြစ်လာနိုင်မည်ဟု စိုးရိမ်ချက်များရှိခဲ့သော်လည်း မြစ်ဝကျွန်းပေါ်ဒေသနှင့် အခြားဒေသများတွင် စိုက်ပျိုးမှုသည် စိုးရိမ်ရသည့်အခြေအနေထက်ပို၍ ကောင်းမွန်ခဲ့သည်။ မကြာသေးမီက ထုတ်ပြန်သော အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) /ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ လေ့လာရေးအစီရင်ခံစာ[၈]တွင် မြန်မာနိုင်ငံ၏ စုစုပေါင်း အစားအစာထုတ်လုပ်မှုသည် ကျေနပ်ဖွယ်ရာ ကောင်းသည်ဟု ဖော်ပြခဲ့သည်။ ထို့ကြောင့် ယခင်ကစိုးရိမ်ခဲ့သော အစားအစာပြတ်တောက်မှုကြောင့် မတည်ငြိမ်မှုများဖြစ်နိုင်သည့်အပေါ်နှင့် ရွှေ့ပြောင်း သွားလာခြင်းများ ဖြစ်နိုင်ခြေကို လျော့ကျစေခဲ့သည်။ သို့သော် ကွင်းဆင်းလေ့လာမှုများသည် မြန်မာနိုင်ငံအရှေ့ခြမ်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများကို ချန်လှပ်ထားသဖြင့် အနည်းဆုံး ပြည်သူ ၅ သန်းသည် အစားအစာမလုံလောက်မှုသတ်မှတ်ချက်အောက်တွင် ရှိနေသည်ဟု WFP ကဆိုသည်။ မြန်မာနိုင်ငံစီးပွားရေးသည် လောင်စာစီ နှင့် အစားအသောက်ကုန်စျေးနှုန်း ကမ္ဘာလုံးတခွင်နိမ့်ကျလာမှုနှင့်အတူ အိမ်နီးနားချင်းတိုင်းပြည်များ၏ အရင်းအမြစ်ဝယ်လိုမှုအား နည်းလာသောကြောင့် တစစပြိုလဲနေသည့်ဟန် ပေါ်နေသည်။

အထွေထွေရွေးကောက်ပွဲဥပဒေ နှင့်ရွေးကောက်ပွဲရက် သတ်မှတ်ပေးခြင်းမရှိသေးသော်လည်း စစ်အစိုးရကို ထောက်ခံမည့် နိုင်ငံရေးပါတီများဖွဲ့စည်းရန် နိုင်ငံရေးအရ စုစည်းမှုများ လုပ်ဆောင်နေသည်ဟူသော ယူဆချက်များစွာ ထွက်ပေါ်နေသည်။ အထူးသဖြင့် တိုင်းရင်းသားအပစ်အခတ်ရပ်ဆဲရေးအဖွဲ့များသည် လက်နက်ချ၍ ရွေးကောက်ပွဲဝင်ရန် ဖိအားပေးခံနေရသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့က ရွေးကောက်ပွဲတွင် ၎င်းတို့ပါဝင်ခြင်းမရှိကြောင်း တရားဝင်ထုတ်ပြန်ပြောဆိုထားသော်လည်း အခြားအဖွဲ့များကမည်သို့ တုန့်ပြန်မည်ကို မရေရာ မသေချာသေးပေ။ လူအနည်းအကျဉ်းကသာ အခြေခံဥပဒေအသစ် သို့မဟုတ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်အပေး အသိအမှတ်ပြု ယုံကြည်ကြသည်။ သို့သော် ရွေးချယ်ခွင့်မှာ ရလဒ်ကို အမိအရဖမ်းရန် အားထုတ်မည်လော စစ်အစိုးရ၏ အဖယ်ကျဉ်ခံ၊ အညှိုးအတေးခံမည်လောဟူပင်ဖြစ်သည်။ အဓိကအတိုက်အခံပါတီကြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရွေးကောက်ပွဲတွင် ပါဝင်မည် မပါဝင်မည်နှင့် ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိသေးပေ။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာပြည်သို့လာရောက်လည်ပတ်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တိုးတက်မှုများ တကယ်တမ်းဖြစ်လာမှသာ သူသွားရောက်လည်ပတ်သင့်သည်ဟု သူခံစားခဲ့ခြင်းကြောင့် ဖြစ်သည်။ သို့သော် သူ၏ ကိုယ်စားလှယ်ဖြစ်သော မစ္စတာ ဂမ်ဘာရီက သူ၏ ပဉ္စမအကြိမ်မြောက် ခရီးစဉ်ကို ၂၀၀၉ခုနှစ်ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည်။ ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရခဲ့သည်။ တဖန် နအဖသည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးအား လက်တွေ့မကျဟူသော စကားဖြင့် ပယ်ချလိုက်ကာ မည်သို့သော အောင်မြင်မှုမှ မရှိခဲ့ပေ။

အနာဂါတ်သည် ယခင်အတိုင်း မျှော်မှန်း၍မရသော အခြေအနေတွင် ရှိနေသေးသည်။ နအဖသည် မည်သို့သော တွေ့ဆုံဆွေးနွေးမှု သို့မဟုတ် သဘောတူညီချက်ပြုလုပ်ခြင်းမရှိပဲ ၂၀၁၀ ရွေးကောက်ပွဲကိုသာ တစိုက်မတ်မတ် လုပ်ဆောင်သွားရန် ဆုံးဖြတ်ချက်ချထားပုံပေါ်သည်။ အစိုးရအသစ်တခု ရွေးကောက်ခံပြီး၊ တည်ဆောက်ပြီးသည့် အချိန်အထိ တိုင်းပြည်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားမည့်ပုံပေါ်သည်။ လူ့အခွင့်အရေး သို့မဟုတ် လုံခြုံရေးအခြေအနေတိုးတက်ဖွယ်ရာအတွက် မျှော်လင့်ချက် မဆိုသလောက်သာရှိသည်။ ဒုက္ခသည်အသစ်များ အစုလိုက်အပြုံလိုက် ဆက်လိုက်ဝင်လာနိုင်ဖွယ်ရှိပြီး၊ ထိုင်းနိုင်ငံအတွင်းရှိနေပြီးသားဒုက္ခသည်များအဖို့လည်း မဝေးတော့အနာဂါတွင် ပြည်တော်ပြန်ရမည့်ကိန်း မရှိသေးပေ။

---

[8] FAO/WFP Crop and Food Security assessment mission to Myanmar, 22 January 2009, WFP Rome.

တချိန်တည်းတွင် ထိုင်းနိုင်ငံ၌ လပေါင်းများစွာကြာဖြစ်ပေါ်ခဲ့သော တင်းမာမှုများသည် ဆန္ဒပြသူများက နိုင်ငံတကာလေဆိပ်အား ၁၀ ရက်ကြာ ပိတ်လိုက်ပြီးနောက် အဆုံးသပ်သွားခဲ့သည်။ အစိုးရ၏ အဓိကပါတီကြီးတခုဖြစ်သော ပြည်သူ့အာဏာပါတီ(PPP)အား အခြေခံဥပဒေခုံရုံးက ဖျက်သိမ်းခဲ့သဖြင့် ဒီမိုကရက်တစ်ပါတီ ဦးဆောင်မှုအောက်တွင် ညွန့်ပေါင်းအစိုးရ အသစ်တခုကို တည်ထောင်ခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အဘီဆစ် ဝီဂျရာရီဝ သည် နှစ်နှစ်အတွင်း ငါးကြိမ်မြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အစိုးရအသစ်သည် ယခင်အစိုးရဟောင်းထောက်ခံသူများ၏ ပြင်းပြင်းထန်ထန်ဆန့်ကျင်မှုကို ခံနေရသော်လည်း အာဏာကိုဆက်လက်ကိုင်ဆွဲထားနိုင်ပြီး တိုင်းပြည်အတွင်း တည်ငြိမ်မှုကို ပြန်လည်သွတ်သွင်းနိုင်မည်ဟူသော မျှော်လင့်ချက်လည်း ရှိသည်။ ကမ္ဘာ့အခြားနေရာများတွင် ကြုံတွေ့နေရသော ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းကို ထိုင်းနိုင်ငံသည် ဒုက္ခသည်အရေးထက် ပို၍ပြင်းထန်သော ပြဿနာများကို ရင်ဆိုင်နေရသည်။ သို့သော် ရိုဟင်ဂျာလှေစီးဒုက္ခသည်များကြောင့် လတ်တလောကြုံတွေ့နေရသည့် စိန်ခေါ်ချက်များက ထိုင်းနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝန်းနှင့် ပူးပေါင်းလုပ်ဆောင်မည်ဟူသော ၎င်း၏ ဆန္ဒကို ထုတ်ဖော်ပြနေသကဲ့သို့ ဖြစ်သည်။ အစိုးရအသစ်အောက်တွင် အနာဂါတ်ဒုက္ခသည်မူဝါဒဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ ဖြစ်လာနိုင်သည်ဟု မျှော်လင့်ရသည်။

